# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၂)


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံစားကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၂

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

ယနေ့ *ဖတ် စ ရာ*


ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲမှုများဖြင့် ဦးတည်ပါသည် အွန်လိုင်းထီ — ဆောင်းပါး စာ ၁၀




"မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၅) (သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန) — ဆောင်းပါး စာ ၁၆



မြန်မာ့အလင်း

# ကုန်ဈေးနှုန်းများ ကျဆင်းရေး ဒေသအလိုက် ကြိုးပမ်းအကောင်အထည်ဖော်

သားငါးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည်။ စားရေး၊ ဝတ်ရေး၊ နေရေး ဟူသော အရေးသုံးပါးတွင် မိမိတို့နေ့စဉ် မဖြစ်မနေဖြေရှင်းကြရသည်မှာ စားရေးဖြစ်ပြီး ဆန်၊ ဆီကဲ့သို့သော အခြေခံစားသုံးကုန်များ၊ ငရုတ်၊ ကြက်သွန်ကဲ့သို့သော မီးဖိုချောင်သုံးကုန်များနှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက် စသည်တို့၏ ကုန်ဈေးနှုန်းများက တရိပ်ရိပ်မြင့်တက်လျက်ရှိရာ ပြည်သူလူထုအများစုကြီး၏ နေ့စဉ်ဘဝများအပေါ်တွင် ဖိစီးလျက်ရှိနေခြင်းကြောင့် ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်က ကြိုးပမ်းနေခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာပေါ်တွင် ကူးစက်ပျံ့နှံ့ခြင်းမှစကာ ကမ္ဘာ့အင်အားကြီးနိုင်ငံများကြားမှ ဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံရေး ရိုက်ခတ်မှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်ကြရသည်ကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်ရသည်။ ၎င်းအခြေအနေသည် မိမိတို့နိုင်ငံအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့သည်။ တစ်ခုပိုသည်မှာ မိမိတို့၏ ပြည်တွင်းနိုင်ငံရေးဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန် ထမ်းဆောင်မှု စတင်ခဲ့သည့် ၂၀၂၁ ခုနှစ်မှသည် လက်ရှိအချိန်ထိ နိုင်ငံ့စီးပွားရေးကို ဘက်ပေါင်းစုံမှ တိုက်ခိုက်နေခြင်းဖြစ်သည်။ သယ်ယူပို့ဆောင်မှုစရိတ်များ ကြီးမြင့်ခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်ခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းစသော အခြေခံအကြောင်းတရားများကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းသာမက ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုများ ဟူသော အကြောင်းတရားများကြောင့်လည်း ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပိုမိုကာ ကုန်ဈေးနှုန်းများ မြင့်မားနေသည်ဟု ယူဆဖွယ်ရာဖြစ်သည်။

ကုန်ဈေးနှုန်းကျဆင်းရေးဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ချရေး၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးနှင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတစေရေးတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့်မိမိတို့ဒေသများအလိုက်သားငါးကဏ္ဍကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍကုန်ထုတ်လုပ်မှုတို့ တိုးတက်မြင့်မားလာရန် ကြိုးပမ်းဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ “မိမိတို့ ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်သကဲ့သို့ မွေးမြူရေးအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ဒေသအလိုက် စားရေးကို အဓိကအထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း” နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် ပြောကြားခဲ့ရာ ဒေသအလိုက် မိမိတို့တွင် ရှိပြီးဖြစ်သော မြေအရင်းအမြစ်၊ ရေအရင်းအမြစ်နှင့် ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်များကို မှန်ကန်ထိရောက်စွာ အသုံးချဆောင်ရွက်သွားကြရန်ပင်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများကို တိုးမြှင့်နိုင်ရန် အစိုးရအဖွဲ့များက ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အခြေခံစားကုန်များ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းသည် ဝယ်လိုအားနှင့် ရောင်းလိုအားကို မျှခြေဖြစ်ပေါ်စေမည်ဖြစ်ပြီး ဒေသအလိုက် ဖူလုံစေခြင်းဖြင့် ဝယ်ယူတင်သွင်းရာတွင် ကုန်ကျသည့် စရိတ်စကများကို လျှော့နည်းသက်သာစေမည်ဖြစ်သည်။ ဒေသအလိုက် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်းဖြင့်သာ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းဖြစ်လာပြီး စားရေရိက္ခာပေါများစေနိုင်မည်ဖြစ်ရာ ရည်မှန်းချက်အောင်မြင်ရေး ကြိုးပမ်းအားထုတ်ကြရပါမည့်အကြောင်း။ ။

# အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြို သင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ






နေပြည်တော် ဇွန် ၁၂

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြို သင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဖူလုံရေးအဖွဲ့သို့ အသစ်ဝင်ရောက်လာသည့် အငယ်တန်းစာရေးဝန်ထမ်းများ အတွက် လုပ်ငန်းခွင်ဆိုင်ရာ အသိပညာများ မြှင့်တင်ပေးနိုင်ရန် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် ဘာသာရပ်များ၊ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ လက်ရှိကျင့်သုံးဆောင်ရွက်နေသော ဥပဒေ၊ နည်းဥပဒေကို သိရှိနားလည်တတ်ကျွမ်းကြပြီး ရုံးလုပ်ငန်းများတွင် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချလုပ်ကိုင်သွားနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်ရှင်/ အလုပ်သမားများ၏အကျိုး၊အများပြည်သူများ၏ အကျိုးကို ရှေးရှုပြီး နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များနှင့် အညီ ဝန်ဆောင်မှုပေးနေသော ဌာနအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

လူမှုဖူလုံရေး စီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်လာစေဖို့၊ ခေတ်စနစ်နှင့်ကိုက်ညီပြီး နိုင်ငံတကာအဆင့်မီသည့် လူမှုဖူလုံရေးစနစ်များကို အကောင်အထည်ဖော်နိုင်စေရန် ရေရှည်မျှော်မှန်းချက်များ ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများလိုက်နာကျင့်ကြံရမည့် ဥပဒေ၊ နည်းဥပဒေများအပြင် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်က ချမှတ်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို Hybrid Training ပုံစံဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အသစ်ဝင်ရောက်လာသည့် အငယ်တန်းစာရေးဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၁၂

လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာ ရည်မှန်းချက်များဖြစ်သည့် စစ်ဆေးရေးလုပ်ငန်း အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် စစ်ဆေးရေးနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုများတွင် ဝန်ထမ်းငယ်များကို ကြီးကြပ်ကွပ်ကဲရသူများဖြစ်သည့်အပြင် ဌာနစီမံခန့်ခွဲသူများ၏ လမ်းညွှန်မှုကိုလည်း လိုက်ပါအကောင်အထည်ဖော်ရသူများဖြစ်၍ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံဗဟုသုတများ ပြည့်ဝနေရန် အထူးလိုအပ်ပါကြောင်း၊ ယခုသင်တန်းသည် စာရင်းစစ်စံများနှင့်အညီ စစ်ဆေးရေးလုပ်ငန်းစဉ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့လေ့ကျင့်သင်ကြားပို့ချမှု Job Training ပုံစံဖြင့် သင်ကြားပို့ချမည်ဖြစ်ရာ တန်ဖိုးထား၍ သင်ယူကြစေလိုကြောင်း၊ သင်တန်းမှ သင်ယူရရှိမှုများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်း၊ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရေး ကိုယ်တိုင်လေ့လာဆည်းပူးခြင်းတို့ဖြင့် မိမိတို့၏ အရည်အသွေးကို မြှင့်တင်ကြစေလိုကြောင်း။

စာရင်းစစ်ဝန်ထမ်းများသည် ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ထိန်းကျောင်းပေးရသည့် ပညာရပ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် ကျင့်ဝတ်သိက္ခာစောင့်ထိန်းလျက် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ရုံး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံမှအားထားရသော ပညာရှင်ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်ကျောင်းအုပ်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိ စုစုပေါင်း ၁၆၉ ဦးတို့ကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ဇွန် ၁၂ ရက်မှ ဇူလိုင် ၇ ရက်အထိ ဘာသာရပ် ခြောက်ခုကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သတင်းစဉ်

# အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။




## ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် သားငါးကဏ္ဍကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအလိုက် ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကုန်စျေးနှုန်းကျဆင်းစေရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ပြည်တွင်းမှ သဘောထားကွဲလွဲသည့် အဖွဲ့အစည်းများက စီးပွားရေးကဏ္ဍ ထိခိုက်အောင် ဆောင်ရွက်ခြင်းများရှိသကဲ့သို့ ပြည်ပမှလည်း အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့ခြင်းများ၊ ထောက်ပံ့မှုများကို ရပ်ဆိုင်းခြင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ရရှိသည့် ငွေများကိုလည်း ကန့်သတ်မှုများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားငွေများကို အသုံးပြုရာတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ငွေကြေးကွာဟချက်များအပေါ်မူတည်၍ ကုန်သွယ်ရေးတွင်ငွေကြေးကစားသူများက အဆိုပါအခြေအနေကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာသည်ကို တွေ့ရှိရကြောင်း၊ ဘဏ်လုပ်ငန်းများ ထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ကြကြောင်း။

၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံ၏ စီးပွားရေးကို ထိခိုက်အောင် လုပ်ဆောင်ခဲ့ရာ ၂၀၂၂ ခုနှစ်အထိ ငွေကြေးလည်ပတ်မှု ပြန်လည်တည်ငြိမ်ရေး လုပ်ဆောင်ခဲ့ရာ ထိုက်သင့်သည့် ပမာဏအထိ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် အရှေ့ဥရောပဒေသဖြစ်စဉ်များကြောင့် လောင်စာဆီပြဿနာများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း ကုန်စျေးနှုန်း ကြီးမြင့်ခြင်း၊ စက်သုံးဆီစျေးနှုန်းများ ကြီးမြင့်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းနှင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းများဖြစ်ပေါ်ပြီး ကုန်စျေးနှုန်းများ ကြီးမြင့်လာခဲ့ခြင်းသည် မိမိတို့နိုင်ငံအပေါ် သက်ရောက်မှုများရှိခဲ့ကြောင်း။

မိမိတို့နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအလိုက် သွင်းအားစုများ ကုန်စျေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာသဖြင့် ပြည်တွင်းထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်းများရှိကြောင်း၊ ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအရ အမြတ်ထုတ်လိုမှုများကြောင့် ကုန်စျေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးထက် စျေးနှုန်းမြင့်မားနေသည်ဟု ယူဆရကြောင်း၊ ကုန်စျေးနှုန်းကြီးမြင့်ခြင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ် များပြားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာခြားချက် ကြီးမားခြင်းနှင့် အဆင့်ဆင့်ရောင်းချမှုများ များပြားခြင်းကြောင့် ကုန်စျေးနှုန်းများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သဘာဝမြေဩဇာများအသုံးပြုရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ တိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများ အသုံးပြုရေး လမ်းညွှန်မှာကြားထားသကဲ့သို့ ဓာတ်မြေဩဇာများကို ပြည်ပမှ ဝယ်ယူရရှိရေးအတွက် အစိုးရမှ စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

## အစာနှင့် ရေများ လုံလောက်စွာရရှိရန်လို

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလိုအပ်ချက်နှင့်ပတ်သက်၍ မြစ်ရေတင်စီမံကိန်းများကို အလေးပေးဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားမရရှိနိုင်သည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ပြသဆောင်ရွက်ပေးခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများ ရှိခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစာနှင့် ရေများ လုံလောက်စွာ ရရှိရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရေး ဆောင်ရွက်ရာတွင် နည်းလမ်းများရှိနေသော်လည်း ရာနှုန်းပြည့် လုပ်ဆောင်နိုင်မှု မရှိသေးကြောင်း၊ ထိုအထဲတွင် သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်းလည်း ပါဝင်ကြောင်း၊ လောင်စာဆီစျေးနှုန်းများ ကြီးမြင့်ခြင်းနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များကြောင့် ကုန်ကျစရိတ်များ ပိုမိုနေကြောင်း၊ ထို့ကြောင့် မီးရထားနှင့် ပို့ဆောင်ခြင်းနှင့် ရေကြောင်းမှ ပို့ဆောင်ခြင်းများကို ဆောင်ရွက်ရန်အတွက် မိမိအနေဖြင့် အမြဲမပြတ် တိုက်တွန်းပြောကြားခဲ့ရာ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် အရေးမကြီးသည့်ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းများ ရှိနေခြင်းကြောင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုစရိတ်များမှာ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ မီးရထားနှင့် ပို့ဆောင်ခြင်းသည် သယ်ယူပို့ဆောင်မှုစရိတ်ကို များစွာသက်သာစေကြောင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

## ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုမရှိ

ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ပတ်သက်၍ အခြေခံအားဖြင့် ဒေသအလိုက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ အသား၊ ငါး၊ ဥများမှာ ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်သကဲ့သို့ မွေးမြူရေးအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဒေသအတွင်း အသား၊ ငါး လိုအပ်ချက်များ ရှိနေခြင်းကြောင့် ကုန်စျေးနှုန်းကြီးမြင့်နေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ဒေသအလိုက် စားရေးကို အဓိကအထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်၍ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း။

## စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့်မွေးမြူ

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မြေများကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် မြေကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ လှပ်မြေများ မကျန်ရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူရန်လိုကြောင်း၊ *စာမျက်နှာ ၄ သို့*

❖ **မိမိတို့နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအလိုက် သွင်းအားစုများ ကုန်စျေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာသဖြင့် ပြည်တွင်းထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်းများရှိ**

❖ **ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအရအမြတ်ထုတ်လိုမှုများကြောင့် ကုန်စျေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးထက် စျေးနှုန်းမြင့်မားနေသည်ဟု ယူဆရ**

❖ **ကုန်စျေးနှုန်းကြီးမြင့်ခြင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ် များပြားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာခြားချက်ကြီးမားခြင်းနှင့် အဆင့်ဆင့်ရောင်းချမှုများ များပြားခြင်းကြောင့် ကုန်စျေးနှုန်းများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ကို တွေ့ရှိရ**

**“မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်သကဲ့သို့ မွေးမြူရေးအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လုံလောက်စွာ ရှိပြီးဖြစ်၊ ဒေသအတွင်း အသား၊ ငါး လိုအပ်ချက်များ ရှိနေခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နေခြင်းဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဒေသအလိုက်စားရေးကို အဓိကအထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာအသုံးချရန်လို၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်၍ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက်”**

*စာမျက်နှာ ၃ မှ*

စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်မှသာ ထွက်ကုန်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အထွက်တိုးအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကိုလည်း အနည်းဆုံး ဧကကွက်များအဖြစ် ဖော်ထုတ်ဆောင်ရွက်ပြီး အပြည့်အဝ အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမြေများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

## ကုန်ထုတ်လုပ်မှုပမာဏများ မြှင့်တင်

ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းတွင် အဆင့်ဆင့်ရောင်းဝယ်မှုနှင့်ပတ်သက်၍ ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်၌ ရှိသင့်ရှိထိုက်သည့် ကုန်ဈေးနှုန်းများ ဖြစ်စေရန်အတွက် ကုန်ထုတ်လုပ်မှု ပမာဏများ မြှင့်တင်ရန် အရေးကြီးကြောင်း၊ မိမိတို့၏ ရည်မှန်းချက်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာများပေါများရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရေးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုး မွေးမြူရေးနိုင်ငံဖြစ်ပြီး မြေသယံဇာတများ၊ ရေသယံဇာတများနှင့် လူသားအရင်းအမြစ်များ ရှိသော်လည်း စားရေရိက္ခာများ ဈေးနှုန်းကြီးမြင့်ခြင်းမှာ မဖြစ်သင့်သည့် ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ ဆွေးနွေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ကုန်ဈေးနှုန်းများနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဒေသအလိုက် ဝမ်းစာဖူလုံမှု၊ ကုန်ထုတ်လုပ်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်မှုရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အခြေခံစားသောက်ကုန်များ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းအတက်အကျအခြေအနေ၊ ကုန်ထုတ်လုပ်မှုနှင့် ဝယ်လိုအားမျှတမှုရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြဆွေးနွေး

ထို့နောက် ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများက မီးရထားနှင့် ရေကြောင်း၊ လေကြောင်းများမှ ကုန်စည်များ ပို့ဆောင်ပေးလျက်ရှိမှု၊ ဆန်၊ ပဲ၊ ပြောင်းများ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် ပြည်ပသို့ တင်ပို့လျက်ရှိမှု၊ ပြည်တွင်းမှထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန်ဈေးနှုန်းများကို ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများကိုလည်း ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ထုတ်ပြန်သည့် အခြေခံကုန်ဈေးနှုန်းများကို အများပြည်သူသိရှိစေရေး ထုတ်ပြန်ပေးလျက်ရှိမှုနှင့် သတင်း၊ ဆောင်းပါးများ ထည့်သွင်းဖော်ပြပေးလျက်ရှိမှု၊ မိမိတို့ကိုယ်ကျိုးအတွက် ကုန်ဈေးနှုန်းများကို ထိုက်သင့်သည်ထက် ကြီးမြင့်အောင် လုပ်ဆောင်နေသည့် ဝိသမလောဘသားများကို ဖော်ထုတ်၍ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်ရန် လိုအပ်မှု၊ ဆန်၊ စပါး၊ သား၊ ငါးနှင့် စားသောက်ကုန်များ ဈေးနှုန်းများ ကြီးမြင့်လာရသည့် အကြောင်းရင်းများနှင့် ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ အသား၊ ငါးများနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်၍ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိမှု၊ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များမှလည်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ တပ်မိသားစုဝင်များကိုသာမက ဒေသခံပြည်သူများကိုလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများသည် ပြည်တွင်းကုန်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ လမ်းခရီးများရှိ ဂိတ်များ၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များ မရှိစေရေး ပြည်နယ်နှင့် တိုင်းများအလိုက် တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ အရေးမကြီးသည့် ကုန်ပစ္စည်းများကို ရထားပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို အသုံးပြုကြရေး အားပေးတိုက်တွန်းလိုကြောင်း၊ လေကြောင်း ကုန်စည်ပို့ဆောင်ရေးသည်လည်း ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ရေးအတွက် လေယာဉ်ကွင်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်တင်လေယာဉ်များ ဆင်းသက်နိုင်မည်ဆိုပါက အရေးကြီးသည့်ပစ္စည်းများကို လေကြောင်းမှတစ်ဆင့် မြန်ဆန်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း သွင်းအားစု ကုန်ကြမ်းများ ဈေးနှုန်းကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများအလိုက် ကုန်စည်ဒိုင်များကိုလည်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် တိရစ္ဆာန်အစာများကို ပြည်တွင်း၌ ပြည့်ပြည့်ဝဝ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ ဈေးနှုန်းကြီးမြင့်မှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း။

## နည်းလမ်းရှာဖွေဆောင်ရွက်

အချို့သော အသားများ၏ ကြမ်းခင်းဈေး သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စည်ပင်သာယာမှ ဈေးနှုန်းသတ်မှတ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကြမ်းခင်းလေလံဈေးများ ကြီးမြင့်မှုများ ဖြစ်ပေါ်ခြင်း မရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်ထောင်စုနှင့်ညှိနှိုင်း၍ နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဆန်ဈေးနှုန်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အဓိကအားဖြင့် မိုးစပါးကိုစိုက်ပျိုးကြကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်မှာ တင်း ၁၀၀ ဖြစ်သဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးရန်လိုကြောင်း၊ လယ်ကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးရန်လိုသကဲ့သို့ ယာစိုက်ပျိုးမှုများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စပါးထွက်ရှိမှုများ ပိုလျှံလာမည်ဖြစ်ပြီး အခြားဒေသများသို့ တင်ပို့နိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝမ်းစာဖူလုံရေးသည် ပြည်ထောင်စုအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကိုသာမက အခြားသီးနှံစိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများ တိုးတက်အောင် စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ ယခုအခါ မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သစ်ပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးသည့်အပင်များ အားလုံးရှင်သန်ရေး သတ်မှတ်ထားသည့် ပျိုးပင်အရွယ်အစားများကို စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ ရာသီဥတုကို အထောက်အကူပြုစေမည့် သစ်တောသစ်ပင်များစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း။

## နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးမည်

သမဝါယမစနစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများနှင့် ပတ်သက်၍ စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဆွေးနွေးတင်ပြမှုများအရ ဆောင်ရွက်သင့်သည့်အချက်များကို သိရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုအပိုင်းတွင် အခြေခံစားကုန်များနှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မူဝါဒများ ချမှတ်ခြင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

## နိုင်ငံအတွက် များစွာအကျိုးရှိမည်

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို လုပ်ပိုင်ခွင့်များ ပေးထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဝင်ငွေရရှိရန် လိုအပ်သဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အလားတူပင်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများသည်ပြည်တွင်း ဈေးကွက်လိုအပ်ချက်ကိုသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်ရန် လိုအပ်ကြောင်း။

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်တွင်းထွက်သယံဇာတများကို သုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ရေသယံဇာတ သုံးစွဲရာတွင်လည်း ဖမ်းဆီးခြင်းထက် မွေးမြူခြင်းကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကို ထိန်းညှိနိုင်သည့် ကုန်ထုတ်လုပ်မှုမျိုးဖြစ်ရန် လိုအပ်သဖြင့် ချိန်ထိုး ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ငွေကြေးစီးဆင်းလည်ပတ်မှု ကောင်းမွန်ပြီး ဒေသစီးပွားနှင့် နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှ ထုတ်လုပ်သည့် ကုန်ကြမ်းများကို အဓိကထား အသုံးချရန်လိုကြောင်း၊ ယခင်ကာလများက ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များအပေါ် သင်ခန်းစာများယူ၍ မိမိတို့ တာဝန်ယူချိန်ကာလအတွင်း နိုင်ငံ့စီးပွားရေးကို ပုံမှန်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ ကြိုးပမ်းဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကို နောင်မျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်သူများအနေဖြင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုအခါ စက်သုံးဆီနှင့် မြေဩဇာ စသည့် သွင်းအားစု ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းသွားပြီဖြစ်သော်လည်း ကုန်ဈေးနှုန်းများမှာ ကြီးမြင့်လျက်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

## ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကို ထိန်းညှိ

မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ခိုင်မာမှုရှိစေရေးနှင့် ငွေကြေးဖောင်းပွမှုများမရှိအောင် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံ့ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးနှင့် ဥများ၊ တပ်မတော်စက်ရုံများမှ ထွက်ရှိသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ပြီး ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကို ထိန်းညှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးသည် သင့်တင့်သည့် ဈေးနှုန်းများ ဖြစ်စေရေးအတွက် နည်းလမ်းများရှာဖွေရန် အစပျိုးပေးလိုက်ခြင်းဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နည်းလမ်းများရှာဖွေ၍ အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြသူအားလုံးကို အသိအမှတ်ပြု

**စစ်တွေ ဇွန် ၁၂**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ စစ်တွေတက္ကသိုလ်သို့ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ပဲနို့အာဟာရ တိုက်ကျွေးခြင်း စီမံချက်စတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ မြို့နယ်ပညာရေးမှူးများ၊ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်မဆို ဘေးအန္တရာယ်များ ကျရောက်လာချိန်တွင် နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် မိမိတို့၏ ညီအစ်ကိုမောင်နှမများ ဘေးအန္တရာယ်ကျရောက်သကဲ့သို့ ခံစားပြီး စေတနာ၊ မေတ္တာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြသူအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ရေကောင်းရေသန့်များ သောက်သုံးနိုင်ရေးအတွက် ရေသန့်စက်နှင့် တစ်နိုင်ငံလုံးရှိ ကလေးငယ်များအား ဉာဏ်ရည်ဖွံ့ဖြိုးပြီး အာဟာရဖြစ်စေမည့် ပဲနို့တိုက်ကျွေးခြင်းစီမံချက်ကို စတင်ဆောင်ရွက်ပေးသည့်အတွက် များစွာ ဝမ်းမြောက်ပါကြောင်း၊ မုန်တိုင်းအလွန်ကာလတွင် ရေကောင်းရေသန့်ရရှိရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မုန်တိုင်းဒဏ်သင့်ပြည်သူများ ရေကောင်းရေသန့်ရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရေကောင်းရေသန့်ရရှိရေးအတွက် အရေးကြီးသည့် အချိန်တွင် ယခုကဲ့သို့ လှူဒါန်းသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ စစ်တွေတက္ကသိုလ်သို့ ရေသန့်စက် လှူဒါန်းခြင်းနှင့် စစ်တွေမြို့နယ်ရှိ အခြေခံပညာရေးကျောင်းများသို့ ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက် စတင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင် တို့ ပုဏ္ဏားကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစဉ်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စစ်တွေတက္ကသိုလ်အတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ပဲနို့အာဟာရ တိုက်ကျွေးရေးစီမံချက်စာအုပ်တို့ကို ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ် စာသင်ဆောင်များ ပြုပြင်ပြီးစီးမှု၊ ဆက်လက်ပြုပြင်သွားမည့်အခြေအနေနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ပဲနို့ကြိတ်စက်ဖြင့် လက်တွေ့သရုပ်ပြ ပဲနို့ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စစ်တွေမြို့ ပါဒလိတ်ကျေးရွာရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်နှင့် စာသင်ခန်းများ ပြုပြင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုနှင့် ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ သီးစုံဒံပေါက်ထုပ်များအား ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်သည်။

ယင်းနောက် စစ်တွေမြို့ အမြင့်ကျွန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) သို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုနှင့် သင်ကြားသင်ယူမှုလုပ်ငန်းများအတွက် ပံ့ပိုးဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို လှည့်လည်ကြည့်ရှုမေးမြန်းကာ ကျောပိုးအိတ်နှင့် သီးစုံဒံပေါက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။

### သီးစုံဒံပေါက်ထုပ်များ ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ ကွန်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး အထွေထွေရောဂါ၊ အရိုး၊ ခွဲစိတ်နှင့် ကလေးအထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးအဖွဲ့ နယ်မြေကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လူနာများအား အားပေးစကားပြောကြား၍ သီးစုံဒံပေါက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့ မြို့မပရိယတ္တိကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ကျောက်တော်မြို့ မေတ္တာဥယျာဉ်ပရဟိတကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒာစာရတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း၊ နဝကမ္မ အလှူငွေများနှင့် ပရဟိတကျောင်းအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ပုံမှန်ထောက်ပံ့လှူဒါန်းငွေများအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် စံပြရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်နှင့် စာသင်ခန်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ လက်ရှိပညာသင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု၍ ကူညီပံ့ပိုးပေးရမည့် ကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စာသင်ကျောင်းများသို့ ရောက်ရှိစဉ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ပုံမှန်ကျောင်းဖွင့်ရာသီတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရန် ဦးစားပေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊

*စာမျက်နှာ ၆ သို့*



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်တို့ ပုဏ္ဏားကျွန်းမြို့နယ်ရှိ စံပြရပ်ကွက်နှင့် နတ်ဆိတ်ကျေးရွာသို့ ဆက်သွယ်ထားသော ဦးရာဇမင်္ဂလာကြိုးတံတားအား ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ကျောင်းသား ကျောင်းသူများ အခြေခံပညာပြီးဆုံးပါက မိမိတို့ ဝါသနာပါရာ တက္ကသိုလ်များသို့ တက်ရောက်၍ အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရန် ယခုအချိန်ကတည်းက ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကောင်းမွန်စွာ ပညာသင်ယူနိုင်ရန်အတွက် ကျန်းမာနေရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အပြုအမူ၊ အနေအထိုင်၊ ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့နယ် စံပြရပ်ကွက်နှင့် နတ်ဆိတ်ကျေးရွာကို ဆက်သွယ်ထားသည့် ဦးရာဇ်မင်္ဂလာကြိုးတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြင်ဆင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ် ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအဆောက်အအုံများ၊ စာသင်ဆောင်များနှင့် အလုပ်ရုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ၌ ကျင်းပသည့် စပေါင်းထွန်ယက်ခြင်းနှင့် မိုးစပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင် တို့ ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ၌ ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကူညီထောက်ပံ့မှုများကို အလေးထား၍ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတောင်သူများ မိုးရာသီအမီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထွန်ယက်ခြင်းနှင့် မျိုးစပါးလိုအပ်ချက်ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိလျှင် ဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စပေါင်းထွန်ယက်ခြင်းနှင့် မိုးစပါးမျိုးစေ့ပေးအပ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ကွန်းတောင်ကျေးရွာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင်စပါးမျိုးစေ့အိတ်များကို ထောက်ပံ့ပေးအပ်ပြီး ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိကြပြီး MCL–3၊ MCL–5 နှင့် CHARITES သင်္ဘောများပေါ်မှ လျှပ်စစ်မီးတိုင်၊ ဆက်သွယ်ရေးတိုင်၊ သစ်နှင့် ဆန်အိတ်များအား မော်တော်ယာဉ်များပေါ်သို့ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် တင်ဆောင်နေမှုကို လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်၍ မြောက်ဦး၊ မြေပုံ၊ မင်းပြားမြို့နယ်တို့သို့ ထွက်ခွာမည့် ကုလားတန်(၂) ရေယာဉ်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ထွက်ခွာမည့် ကုလားတန် (၆) ရေယာဉ်တို့ဆိပ်ကမ်းမှ စတင်ထွက်ခွာမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ် မော်သီးညာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ကျေးရွာသူ၊ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ဒံပေါက်ထမင်းဘူးများပေးဝေလှူဒါန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များမှ အထူးဆေးအဖွဲ့များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့များနှင့် ကျန်းမာရေး ဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိတပ်များမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် မော်သီးညာကျေးရွာ၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့်ကျေးရွာသူ / ကျေးရွာသားများအား သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/ အကြောရောဂါများ၊ အထွေထွေရောဂါများနှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ–အိန္ဒိယ–တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများက ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းကြသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇီဝဆိုင်ရာအချက်အလက်များကောက်ယူနိုင်ရေးအတွက် Biometric Enrollment and UID Management System အသုံးပြုနည်းသင်တန်းဖွင့်

**ပဲခူး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူနိုင်ရေးအတွက် Biometric Enrollment and UID Management System အသုံးပြုနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းဦးက နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ e-Government ကော်မတီလမ်းညွှန်မှုအရ အီလက်ထရွန်နစ်စနစ်နှင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်း(e-ID)ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက Focal Ministry အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် e-ID စနစ်၏ အရေးကြီးသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် သင်တန်းနည်းပြအရာရှိများ၏ လက်တွေ့သင်ကြားပို့ချချက်များကို အလေးအနက်ထား သင်ယူမှတ်သားရန်၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့်အခါ အမှားအယွင်းမရှိစေရေး မရှင်းလင်းသည့်အချက်များရှိပါက မေးမြန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန နည်းပညာအသုံးပြုအထောက်အကူပြုရေးအဖွဲ့မှ နည်းပြအရာရှိ ဦးကျော်ဇေယျာထွန်းနှင့် ဦးမင်းသန့်ဦးတို့က Biometric Enrollment and UID Management System အသုံးပြုနည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှ အလယ်အလတ်တန်း အရာရှိအဆင့်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန၏ အထွေထွေ ဥပဒေအကြံဉာဏ်ပေးရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် ဥပဒေရေးရာဝန်ကြီးဌာန၊ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၀-၂၀၂၄)၏ပန်းတိုင်၊ ရည်ရွယ်ချက်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကို အထောက်အကူပြုမည့် ပြည့်စုံမှန်ကန်သော ဥပဒေအကြံဉာဏ်များပေးနိုင်ရန်နှင့် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက မေးမြန်းသည့် ဥပဒေပြဿနာများအပေါ် အခြေခံဗဟုသုတများကို ဝေမျှရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း။

ယခုသင်တန်းတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့တို့က ဥပဒေအကြံဉာဏ်တောင်းခံလေ့ရှိသောကိစ္စများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများက လမ်းညွှန်မှုတောင်းခံသော ကိစ္စရပ်များအနက် မြေယာအငြင်းပွားမှုဆိုင်ရာ ပြဿနာများကို ၁၈၉၈ ခုနှစ် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း ဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေ(၁၈၉၄) အရ မြေသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ သိမ်းဆည်းထားသည့် ပြည်သူပိုင်သိမ်းပစ္စည်းများ ပြန်လည်တောင်းခံမှုကိစ္စများ၊ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၊ နည်းဥပဒေများအရ ဌာနဆိုင်ရာများ၏ ဥပစာတွင် ကျူးကျော်နေထိုင်မှုများကို ဖယ်ရှားနှင်ထုတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများအား ဌာနဆိုင်ရာအရေးယူခြင်း၊ ပင်စင်ခံစားခွင့်ပြုခြင်းကိစ္စများ၊ နိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ ပင်စင်ခံစားခွင့်ပြုခြင်းဆိုင်ရာကိစ္စများ၊ သက်ဆိုင်ရာ သံရုံးများက သိရှိလိုသော အချက်များဖြစ်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခြင်း၊ သားသမီးမွေးစားခြင်း၊ အမွေဆက်ခံခြင်း စသည့်ဥပဒေဆိုင်ရာ ကိစ္စများကို စိစစ်ပြန်ကြားရာတွင် ကိုးကားသည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံး လုပ်နည်းများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားပြုတက်ရောက်ရန် စေလွှတ်သည့် သင်တန်းသား၊ သင်တန်းသူများထံမှ အတွေ့အကြုံဗဟုသုတများလည်း ရလိုပါကြောင်း၊ ဌာနအသီးသီးက ဗဟိုချက်ပြုကျင့်သုံးသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ဥပဒေဆိုင်ရာ ပြဿနာများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများအကြား လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ မေးမြန်းသည့်ကိစ္စရပ်များ၊ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေများနှင့် တိုင်းဒေသကြီး / ပြည်နယ်များက ပြဋ္ဌာန်းသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ဥပဒေဆိုင်ရာ ခက်ခဲနက်နဲသည့်ကိစ္စရပ်များအား စိစစ်သုံးသပ်ကာ အကြံဉာဏ်များ ပြန်ကြားပေးရကြောင်း။

အထွေထွေဥပဒေ အကြံဉာဏ်ပေးခြင်းသည် တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်များကို စိစစ်အကြံဉာဏ်ပေးရခြင်းဖြစ်၍ သက်ဆိုင်ရာဌာနအသီးသီးက မေးမြန်းသော ဥပဒေရေးရာပြဿနာများသည် သိမ်မွေ့နက်နဲသည်ဖြစ်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ဌာနဆိုင်ရာများအနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် အကြံဉာဏ်များ၊ ပေါ်ပေါက်လာနိုင်သည့် ပြဿနာများကို ကြိုတင်ရှောင်ရှားနိုင်မည့်နည်းလမ်းများ၊ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းသင့်သည့် အချက်များကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူပြီး ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်လာနိုင်စေမည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် ဥပဒေအကြံဉာဏ်တောင်းခံရာတွင် မှန်ကန်ပြည့်စုံစွာ အမှုတွဲတည်ဆောက်ပြီး ဥပဒေအကြံဉာဏ်တောင်းခံတတ်စေရန်နှင့် ဥပဒေရေးရာဝန်ကြီးဌာနကလည်း ပိုမိုပြည့်စုံသည့် ဥပဒေအကြံဉာဏ်များပေးနိုင်စေရန် လိုအပ်သောကြောင့်ယခုသင်တန်းဆွေးနွေးချက်များကို သေချာမှတ်သား လေ့လာကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဥပဒေရေးရာဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ အရာထမ်း ၁၁ ဦးနှင့် အခြားဝန်ကြီးဌာန ၁၇ ခုမှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး အရာထမ်း ၃၈ဦး စုစုပေါင်း ၄၉ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရောဝတီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် မှတ်ပုံတင်ကာ လုပ်ငန်းဆောင်ရွက်နေသည့် ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာရှိ Top Milk ထိပ်တန်းနို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နို့စားနွားများ မွေးမြူထားရှိမှုနှင့် နွားစာအတွက် နေပီယာမြက်များ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ယာပုံ)**



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ပံ့ပိုးဆောင်ရွက်ပေးနေပြီး မိမိတို့ဝန်ကြီးဌာနရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ကာ လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးနေကြောင်း၊ လုပ်ငန်းအောင်မြင်ရေးအတွက် မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာရှိ ရွှေအားမာန် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ ရောက်ရှိပြီး သမဝါယမအသင်းသား တောင်သူများ၊ အသင်းအမှုဆောင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ အသင်းအမှုဆောင်များက အသင်းပိုင်မြေ ၃၈၉ ဧကတွင် မိုးစပါးစိုက်ပျိုးမည့် အစီအစဉ်များ၊ ရေရရှိရေး၊ ရေငံဝင်ရောက်မှု၊ ဒေသမျိုးများ၏ အထွက်နှုန်းများ၊ အထွက်တိုးမျိုးများဖြင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရွှေအားမာန် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် အသင်းပိုင်မြေ ၃၈၉ ဧကတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရာနှုန်းပြည့် အသုံးချရန်၊ အထွက်တိုးမျိုးများ ပြောင်းလဲအသုံးပြု စိုက်ပျိုးရန်၊ လိုအပ်သည့် မျိုး၊ သွင်းအားစု၊ နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး မျှော်မှန်း ဆောင်ရွက်ကြရန်၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲအသုံးပြုရန်၊ သီးထပ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပံ့ပိုးပေးသည်များကို အကျိုးရှိထိရောက်စွာ အသုံးပြုရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးဆက်လက်စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် မိုးစပါးစိုက်ပျိုးပြီးပါက သီးနှံပင်များ ဆက်လက်စိုက်ပျိုး ဆောင်ရွက်ကြရန်၊ သွင်းအားစု မြေဩဇာများ အချိန်မီရရှိရေးနှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေအားမာန် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ အသင်းဖွံ့ဖြိုးရေးရန်ပုံငွေများ ထောက်ပံ့ပေးအပ်ကာ အသင်းသားတောင်သူများ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ပြည်လုံးချမ်းသာ ကြီးမြန်သစ်ပင်နှင့် Evergreen မြက်မျိုးချောင်းတို့အား စိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ခရိုင်ဦးစီးမှူးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ တောင်သူဦးဝင်းခိုင် အပါအဝင် သုံးဦးဖြင့် သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးသည့် မြေ ၇ ဒသမ ၅ ဧက ပြုပြင်နေမှုအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ကော့ကရိတ် ဇွန် ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်နှစ်အတွက် ပညာသင်ကျောင်းသုံးပစ္စည်းများကို နှစ်စဉ်ထောက်ပံ့ပေးအပ်လျက်ရှိရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက်လည်း ကျောင်းသုံးပစ္စည်းများကို ဇွန် ၁၁ ရက်က ထောက်ပံ့ပေးအပ်သည်။ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူနှစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၂၉ ဦးအတွက် ကျပ်ငါးသိန်းတန်ဖိုးရှိ ပညာသင်ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **ခင်မျိုးဝင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး Engineering Export Promotion Council က ကြီးမှူးကျင်းပသည့် ကျပ်နှင့် ရူပီးသုံးစွဲမှုအပေါ် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် ဇွန် ၁၂**

အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယ ကုန်သည်ကြီးများအသင်းတို့၏ ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့၌ ကျင်းပသည့် BIMSTEC Business Conclave သို့တက်ရောက်ရန် ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ဇွန် ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော အင်ဂျင်နီယာ ပို့ကုန်မြှင့်တင်ရေးကောင်စီ (Engineering Export Promotion Council–EEPC) က ကြီးမှူးကျင်းပသည့် Trade and Investment Opportunities ဆွေးနွေးပွဲသို့ တက်ရောက်သည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ နှင့် ကုန်သည်လုပ်ငန်းရှင်များ၊ EEPC ဥက္ကဋ္ဌ တာဝန်နှင့် နိုင်ငံခြားရေးရာကုန်သွယ်မှု မူဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ဥက္ကဋ္ဌ Mr. P.K Shah ၊ ဒုတိယဥက္ကဋ္ဌ Mr. AakashShah နှင့် ဒေသတွင်းဆိုင်ရာ ဥက္ကဋ္ဌ Mr. B. D Agarwal အပါအဝင် EEPC မှ တာဝန်ရှိသူများ၊ အိန္ဒိယရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အလားအလာများ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလားအလာများ၊ ကျပ်နှင့်ရူပီးများကို နှစ်နိုင်ငံကုန်သွယ်မှုတွင် သုံးစွဲနိုင်ရေး နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကုန်သည်လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြား ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော်လ်ကတ္တားမြို့ရှိ ပြည်ပမှတင်သွင်းသည့် ပဲမျိုးစုံအား တန်ဖိုးမြှင့်တင်ထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်သော ETG Processing Plant သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**စာအုပ်နှင့်စာရေးကိရိယာလှူဒါန်း**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တိုးချဲ့ရပ်ကွက်ရှိ ဓမ္မိကာရုံ ပရဟိတ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ သွားရောက်လှူဒါန်းကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး **(အပေါ်ပုံ)** အစိုးရရပ်ကွက်ရှိ ခရိုင် တရားသူကြီးရုံးအတွင်း၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆေးခန်း၌ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက် ပေးနေမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး ရွာမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအုပ်စု ခြောက်စုရှိ ကျေးရွာ ကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)** ထို့အပြင် သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းအတွက် ပြန်လည်ပြုပြင်ရန် လိုအပ်သောအမိုးသွပ်များ၊ ဆွမ်းဆန်တော်များ၊ ဆောက်လုပ်ရေး ပစ္စည်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီး ကျောင်းများ သို့ လှူဒါန်းသော နဝကမ္မအလှူတော် ငွေများအား ကျောင်းထိုင် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

**ထောက်ပံ့ပေးအပ်**

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်းဂံရပ်ကွက်နှင့် စက်ရုံစုရပ်ကွက်တို့မှ ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ



**နေပြည်တော် ဇွန် ၁၂**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ ပထမအကြိမ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသည့် Tianjin Air Cargo လေယာဉ်သည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် ရောက်ရှိလာသည့် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းခြင်းကို Air Side တွင် ပြုလုပ်ပြီး ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai က ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

အဆိုပါ လွှဲပြောင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Mr.Chen Hai နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မုန်တိုင်းဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ လှူဒါန်းသည့်ပစ္စည်းများတွင် ပထမအသုတ်အနေဖြင့် ခြင်ထောင် အလုံး ၁၀၀၀၀ နှင့် စောင် အထည် ၁၀၀၀၀ တို့ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၇၅၀၀ ခန့်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများ ပံ့ပိုးရာတွင် မုန်တိုင်းဘေးသင့်ပြည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးနှင့် ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဏ္ဏားကျွန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးသွားသော ပုဏ္ဏားကျွန်းမြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ကာ ရုံးအဆောက်အအုံ အမိုး ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လဲပြိုသွားသော ခြံစည်းရိုးများ ပြန်လည်ကာရံနိုင်ရေး ညှိနှိုင်းမှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဦးစီးဌာန သုံးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရခိုင်ပြည်နယ်အတွင်း သမဝါယမစနစ်ဖြင့် မိုးစပါးကော ၁၀,၀၀၀ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေသားရေစုကန်များ တူးဖော်သန့်စင် ဆောင်ရွက်နေသည့်လုပ်ငန်းများ အမြန်ပြီးစီးရန်၊ ဝန်ထမ်းရေးရာကိစ္စနှင့်ပတ်သက်၍ ပါတီနိုင်ငံရေး ကင်းရှင်းရန်၊ ဦးစီးဌာနများ စည်းလုံးညီညွတ်စွာဖြင့် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်ပွဲရမြန်မာ ကာယဗလအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဘာတန် (Batam) မြို့၌ ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ (17th Southeast Asia Bodybuilding & Physique Sports Championships) အောင်ပွဲရ မြန်မာကာယဗလအားကစားအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ **(အောက်ပုံ)**

မြန်မာကာယဗလအားကစားအဖွဲ့တွင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း (အုပ်ချုပ်သူ)၊ ဦးမင်းဇော်ဦး (နည်းပြ) နှင့် အားကစားသမားများဖြစ်သည့် ပြည့်ဖြိုး (၅၅ ကီလိုတန်း)၊ အောင်သန်းဌေး (၈၀ ကီလိုတန်း)၊ ဟိန်းထက်ကျော် (၈၅ ကီလိုတန်း)၊ ဟိန်းထက်ဇော် (Men's Athletic Physique ၁၆၅ စင်တီမီတာ)၊ ငြိမ်းချမ်း (Men's Sports Physique ၁၇၅ စင်တီမီတာ)၊ မီမီကျော်နိုင် Women's Model Physique ၁၆၀ စင်တီမီတာ) တို့ ပြန်လည်လိုက်ပါလာကြသည်။



အဆိုပါ မြန်မာကာယဗလအားကစားအဖွဲ့သည် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် Men's Athletic Physique ၁၇၅ စင်တီမီတာပြိုင်ပွဲ၌ ငြိမ်းချမ်းက ပထမဆု၊ Men's Athletic Physique ၁၆၅ စင်တီမီတာ ပြိုင်ပွဲ၌ ဟိန်းထက်ဇော်က တတိယဆု၊ Women's Model Physique ၁၆၀ စင်တီမီတာပြိုင်ပွဲ၌ မီမီကျော်နိုင်က ဒုတိယဆု၊ Mixed Pair ပြိုင်ပွဲ၌ ဟိန်းထက်ဇော်နှင့် မီမီကျော်နိုင်တို့အတွဲက တတိယဆု၊ ၅၅ ကီလိုတန်းပြိုင်ပွဲ၌ ပြည့်ဖြိုးက ဒုတိယဆု၊ ၈၀ ကီလိုတန်းပြိုင်ပွဲ၌ အောင်သန်းဌေးက ဒုတိယဆု၊ ၈၅ ကီလိုတန်းပြိုင်ပွဲ၌ ဟိန်းထက်ကျော်က တတိယဆု အသီးသီး ရရှိခဲ့ရာ စုစုပေါင်း ရွှေတစ်ဆု၊ ငွေသုံးဆု၊ ကြေး သုံးဆု ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံတွင် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇွန် ၁၂**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်ရှ်အွန်ဘိုင်နာသည် တရုတ်၊ မကာအိုအသင်းတို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် အပြီးသတ်ကစားသမား ၂၄ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လနိုင်ငံတကာရက်သတ္တပတ်တွင် တရုတ်နိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန် ၁၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်း၊ ဇွန် ၁၉ ရက်တွင် မကာအိုလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲကစားရန် ဇွန် ၁၂ ရက်ညပိုင်းက ထွက်ခွာသွားသည်။ ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** –ဦးရဲမျိုးထွန်း (ရှမ်းယူနိုက်တက်)၊ **နည်းပြချုပ်**– ဖိုက်ရှ်အွန်ဘိုင်နာ (ဂျာမနီ)၊ **လက်ထောက်နည်းပြ**– ဦးမျိုးလှိုင်ဝင်း၊ ဦးဇော်ဝင်းထွန်း၊ လော့ရင့်ဇ်၊ **ဂိုးနည်းပြ**–ဦးကိုကိုအောင်၊ မိုက်အန်ဒရေ၊ **အသင်းအတွင်းရေးမှူး**–ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**– ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရတနာပုံအက်ဖ်စီ)၊ **နောက်တန်း** – ဖွဲ့ခန့်မင်း၊ ရဲမင်းသူ၊ နန္ဒကျော်(ရှမ်းယူနိုက်တက်)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ–ထိုင်း)၊ သက်ဟိန်းစိုး (ရတနာပုံ)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ **အလယ်တန်း**– ဝေလင်းအောင် (ဒဂုံစတား)၊ ရန်နိုင်ဦး (ရန်ကုန်ယူနိုက်တက်)၊ ကျော်မင်းဦး (PDRM– မလေးရှား)၊ လွင်မိုးအောင် (Rayoung FC–ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ–ထိုင်း)၊ ဟိန်းထက်အောင် (ဆီလန်ဂေါ–မလေးရှား)၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မြတ်ကောင်းခန့်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ ငြိမ်းချမ်းအောင်၊ **ရှေ့တန်း** – စည်သူအောင် (အယုဒ္ဓယယူနိုက်တက်၊ ထိုင်း)၊ အောင်ကောင်းမာန် (ချောင်ဘူရီ–ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို–အင်ဒိုနီးရှား)နှင့် သန်းပိုင်တို့ ပါဝင်သည်။ တိုက်စစ်မှူး အောင်သူသည် ဒဏ်ရာပြဿနာကြောင့် အပြီးသတ် လူရွေးချယ်ရာတွင် ကျန်ရစ်ခဲ့သည်။

**ရဲရင့်လွင်**

# ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲမှုများဖြင့် ဦးတည်ပါသည် အွန်လိုင်းထီ

**ကံစမ်းပြီး ထီထိုးလိုသူ၊ ကုသိုလ်ကံကောင်းပြီး ချမ်းသာချင်သူတွေအတွက် မြန်မာ့အောင်ဘာလေထီသမိုင်းကို ပြုပြင်ပြောင်းလဲမှုတစ်ခုဖြင့် မျက်နှာစာသစ်တစ်ခုကို လွန်ခဲ့သောရက်များအတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အောင်ဘာလေအွန်လိုင်းသိန်းဆု ထီစနစ်စတင်နိုင်ခြင်းသည်ပင် မြန်မာ့ဒစ်ဂျစ်တယ်ခေတ်တစ်ခေတ် အစပျိုးမှုများထဲက တစ်ခုဖြစ်ခဲ့ပါပြီ။**

*မိုးကေနိုင်*

**အောင်အတိတ် အောင်နိမိတ်ယူသည့် အောင်ဘာလေ**

မှန်ပါသည်။ အောင်ဘာလေသည် အောင်အတိတ် အောင်နိမိတ်ကိုယူပြီး တရားဝင်ထီစနစ်တစ်ခုကို ဆောင်ယူသည်မှာ ကြာခဲ့ပါပြီ။ မြန်မာလူမျိုးတို့အတွက် ဒါန အစရှိသည့် ကုသိုလ်အမှုသည် ငွေကြေးရှိမှ အောင်မြင်သည်၊ ချမ်းသာမှသာ ကောင်းကောင်း လှူနိုင်တန်းနိုင်မည်ဟူသော အယူရှိသည်။

အောင်ဘာလေဆိုသော အသုံးအနှုန်းကို ခက်ခက်ခဲခဲပြုလုပ်ပြီးမှ ရယူအပ်သည့် ကုသိုလ်အကျိုးနှင့်ယှဉ်ပြီး သုံးနှုန်းကြသည်ဆိုသည်ကိုလည်း မနေ့တစ်နေ့ကမှ သိလိုက်ရသူအတွက် အောင်ဘာလေထီ၏ အောင်အတိတ်အောင်နိမိတ်ကို များစွာတန်ဖိုးထားမိပြန်သည်။ မြန်မာတို့ အားပေးခဲ့သည့်၊ မြန်မာတို့ တန်ဖိုးထားကံစမ်းခဲ့ကြသည့်၊ ဤအောင်ဘာလေထီသည် လက်ရှိကျင့်သုံးကျင့်သားရနေသည့် ပုံနှိပ်လက်မှတ်ဖြင့် Paper Lottery ဘဝမှ Digital Online Lottery Platform လမ်းကြောင်းပေါ်သို့ မနှေးအမြန် ရောက်ရှိလာခဲ့ပါပြီ။ ယခုလို Online ထီစနစ်တစ်ခုသည် ယနေ့ကာလကျမှ နေ့ချင်းညချင်း စီစဉ်ဆောင်ရွက်ပြီး ဖြစ်တည်လာသော လုပ်ငန်းတစ်ခုကား မဟုတ်၊ ယခင်အစိုးရများ လက်ထက်ကပင် အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ကြဖူးသည်၊ လွှတ်တော်တွင်ပင် ဆွေးနွေးခဲ့ကြဖူးသည်။ ယခုနှစ်များကာလ ၂၀၂၁ ခုနှစ်ကျမှပင် ဤလုပ်ငန်းစဉ်ကြီးကို စတင်အစပျိုးစနစ်တကျစီမံချက်ချ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအကြိမ် ယခုရက်များမှာတော့ ပြီးပြည့်စုံခြင်း အနေအထားတစ်ခုအဖြစ် မြန်မာပြည်သူတို့ အကျိုးငှာ အဆင်သင့်ဖြစ်လျက်ရှိနေပါပြီ။

**လိုက်ပါစီးမျောရမည့် ဒစ်ဂျစ်တယ်ရေစီးကြောင်း**

ပြုပြင်ပြောင်းလဲမှုတိုင်းမှာ ဦးဆောင်သူဘက်ကရော၊ လိုက်ပါဆောင်ရွက်သူများတွင်ပါ အခက်အခဲ စိန်ခေါ်မှုများ ကြုံရစမြဲပါ။ မဝံ့မရဲ၊ သို့လောသို့လော ဖြစ်ကြမည်မှာ မဆန်းပါ။ သို့သော် ယနေ့ခေတ် လူကြီးလူငယ်မရွေးတို့အနေဖြင့် KBZ pay, AYAR pay, UAB pay, CB pay, MYTEL pay တို့ဟူသည်ကား မစိမ်းတော့။ ဘာမှအခက်အခဲမရှိလှ။ လူတိုင်းလက်ဝယ် Mobile Phone အမျိုးမျိုး ကိုင်နိုင်ကြသည်ဖြစ်၍ အလွယ်တကူ ကျော်ဖြတ်နိုင်ကြမည်သာ ဖြစ်သည်။

ပြောင်းလဲတိုးတက်လာနေသည့် နိုင်ငံတကာမှာ တွင်ကျယ်ပြီးဖြစ်သည့် Digital ရေစီးကြောင်းမှာ ခေတ်မီစွာ လိုက်ပါစီးမျောနိုင်ဖို့က ပို၍အရေးကြီးနေသည်။ ထီကံစမ်းလိုသူ မိဘပြည်သူအများစုက ထီတစ်စောင်ဈေးနှုန်း သတ်မှတ်ဈေးနှုန်းအတိုင်းသာ ဝယ်ချင်ကြသည်။ ယခင်က ထီဈေးနှုန်းမှာ အားနည်းချက်တစ်ခု ရှိခဲ့သည်။ တစ်စောင်လျှင် ကျပ် ၁၀၀၊၂၀၀ ပိုပေးဝယ်ယူနေရသည့်အားနည်းချက်ကို ယခု Digital စနစ်က သတ်မှတ်ဈေးနှုန်းအတိုင်းသာ ရောင်းချပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်မည်ဟု ဆိုသည်။ ဝယ်ယူသူဘက်က ဝေဖန်မှုများ တတ်နိုင်သမျှ လျော့ကျသွားမည့် အခြေအနေကို မြင်ရသည်။







**တရားမဝင် ထီကစားခြင်းနှင့် ကင်းဝေးစေလိုသောစေတနာ**

ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ဖို့ ဦးစားပေး စဉ်းစားပြီး ဆောင်ရွက်ရသော လုပ်ငန်းမှန်သမျှ ပြည်သူကိုသာ ဗဟိုပြုပြီး စဉ်းစားရသည်။ ဤအောင်ဘာလေသိန်းဆု Online ထီစနစ်သည်လည်း ပြည်သူကိုဗဟိုပြုပြီး စဉ်းစားဆောင်ရွက်ပေးသော လုပ်ငန်းများအနက်က တစ်ခုဖြစ်သည်။ ကိုယ့်စိတ်ကြိုက်ဂဏန်း ကိုယ်ကြိုက်တဲ့ အက္ခရာကို ရွေးပြီး လွတ်လပ်စွာဖြင့် အလွယ်တကူ ဝယ်ယူကံစမ်းခွင့်ရခြင်း၊ တရားဝင်လုပ်ငန်းဖြစ်ခြင်းများကြောင့် စိတ်လှုပ်ရှားစိတ်ဝင်စားစရာ ဖြစ်သလို ပျော်စရာလည်း ကောင်းပါမည်။

တရားမဝင် နှစ်လုံး၊ သုံးလုံး ချဲထီ၊ တရားမဝင် ထိုင်း၊ စင်ကာပူ Online ထီများ ကို မိမိတို့ပြည်သူတွေ မထိုးဖြစ်အောင် လျော့ကျစေလိုသော စေတနာကြောင့်လည်း ဤသို့သော တရားမဝင်လောင်းကစား ထီထိုးခြင်းများကို ကိုယ်ကိုယ်တိုင် လျှော့ချစေချင်သည်၊ စိတ်သန့်သန့်ဖြင့် ရှောင်ကြဉ်ကြစေချင်သည်။ မည်သို့သော တရားမဝင် လုပ်ငန်းမှန်သမျှသည် ပြည်သူအတွက်မကောင်းလှပါ။ တရားမဝင် လောင်းကစားမှုကြောင့် ကြွေးနွံနစ်ခြင်း အပါအဝင် တစ်ခါတစ်ရံ ဆုံးရှုံးမှုက ကြီးလွန်းလှသည်။ မိမိတို့နိုင်ငံမှာ မိမိတို့အစိုးရက မိမိတို့အတွက် ဆောင်ရွက်ပေးထားသော တရားဝင်လုပ်ငန်းကိုသာ အားပေးခုံမင်နှစ်သက်စွာဖြင့် ပါဝင်ကံစမ်းစေချင်သည်။

**အားလုံးအတွက် လက်လှမ်းမီ အဆင်ပြေလိုက်လျောညီထွေဖြစ်စေမည်**

ထီထိုးပြီး ငွေပေးချေရာမှာကော ထီဆုငွေထုတ်ရာမှာပါ အချိန်မရွေး၊ နေရာမရွေး ပြည်သူအားလုံး လက်လှမ်းမီ အဆင်ပြေလွယ်ကူစေလို၍ အကောင်အထည် ဖော်ခဲ့ခြင်းလည်းဖြစ်သည်။ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီလည်း ကိုယ့်ပြည်သူတွေကို လိုက်လျောညီထွေ ဖြစ်စေလိုသည့် စေတနာပါသည်။ Mobile ဖုန်းရှိရုံနှင့်ပင် အဆင်ပြေသည်။ လက်ရှိသုံးစွဲနေသည့် Printed Paper ပုံနှိပ်ထီကိုလည်း ဆက်သုံးလိုက ဆက်လက်သုံးစွဲ၍ရသည်။ Online ထီ အောင်ဘာလေ Application ကိုတော့ ကိုယ်သုံးစွဲသော ဖုန်းအမျိုးအစားအလိုက် ဒေါင်းလုပ်ဆွဲ၊ အင်စတောလ်လုပ် မိမိဖုန်းနံပါတ်ဖြင့် ကြိုတင် အကောင့်ဖွင့်ထားရပါမည်၊ ဒါလည်း အခက်ကြီးမဟုတ်၊ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်။

**✳ ထီထိုးပြီး ငွေပေးချေရာမှာကော ထီဆုငွေထုတ်ရာမှာပါ အချိန်မရွေး၊ နေရာမရွေး ပြည်သူအားလုံး လက်လှမ်းမီ အဆင်ပြေလွယ်ကူစေလို၍ အကောင်အထည်ဖော်ခဲ့ခြင်းလည်းဖြစ်သည်။ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီလည်း ကိုယ့်ပြည်သူတွေကို လိုက်လျောညီထွေ ဖြစ်စေလိုသည့် စေတနာပါသည်။ Mobile ဖုန်းရှိရုံနှင့်ပင် အဆင်ပြေသည်။ လက်ရှိသုံးစွဲနေသည့် Printed Paper ပုံနှိပ်ထီကိုလည်း ဆက်သုံးလိုက ဆက်လက်သုံးစွဲ၍ရသည်။ Online ထီ အောင်ဘာလေ Application ကိုတော့ ကိုယ်သုံးစွဲသော ဖုန်းအမျိုးအစားအလိုက် ဒေါင်းလုပ်ဆွဲ၊ အင်စတောလ်လုပ်၊ မိမိဖုန်းနံပါတ်ဖြင့် ကြိုတင်အကောင့်ဖွင့်ထားရပါမည်၊ ဒါလည်း အခက်ကြီးမဟုတ်၊ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်**




မြို့ပြနှင့် ကျေးလက်ပြည်သူအကြား ဆင်းရဲချမ်းသာကွာဟမှုမကြီးမား လက်လှမ်းမီနိုင်အောင် ရည်ရွယ်စီမံပြီးဖြစ်သည်။ ထီလက်မှတ်တစ်စောင် ယခင်အတိုင်း တစ်ထောင်ကျပ်နှုန်းဖြင့် ထီလက်မှတ်ဖြင့်ဆိုလျှင် က မှ စ အထိ၊ အွန်လိုင်းထီကို ဆ မှ ဋ အထိ ယခု ဇွန်လ ၈ ရက်မှစ၍ ဝယ်ယူကံစမ်းနိုင်ပြီဖြစ်သည်။ ထီဖွင့်တော့လည်း တကူးတကထီတိုက်ရန် မလို၊ ကံထူးသူအတွက် မိမိထံ ကိုယ့် Mobile ဖုန်းကတစ်ဆင့် SMS ဖြင့် အကြောင်းကြားလာမည့် သတင်းကို ကြိုတင်စောင့်မျှော်၍ မိမိမှတ်ပုံတင်နံပတ်ဖြင့် ဆုငွေထုတ်ယူရုံသာ၊ ထီဆုငွေထုတ်ယူလျှင်ကော။ ပမာဏနည်းသည့် ဆုကြေးငွေ ဥပမာ–၁၀ သိန်းအောက်ဆိုလျှင် ယခင်ကလို ဆိုင်မှာသွားထုတ်ရန်မလို၊ ဤဆိုင်တွင် ထုတ်ပေးလား မပေးလား၊ မိမိဆုငွေထဲက ဖြတ်မလား တောက်မလား Transection Costs များအတွက် စိုးရိမ်စရာမလို၊ ကိုယ့်အကောင့်ထဲ ရောက်လာအောင် အီလက်ထရွန်နစ် ဝန်ဆောင်မှုနည်းလမ်းများက တစ်ဆင့် လွှဲပြောင်းဆောင်ရွက်ပေးသွားပါလိမ့်မည်။ အချိန်တိုအတွင်း ကိုယ့်စိတ်ကြိုက် စီမံဆောင်ရွက်နိုင်စွမ်းသော ဝန်ဆောင်မှုများဖြင့် customer ကို ကျေနပ်မှုရရှိစေမည်ဖြစ်သည်။

**ငွေသားမဲ့ငွေပေးချေမှုစနစ်တစ်ခု ဖန်တီးနိုင်မည့်အခွင့်အလမ်း**

ယခုမိတ်ဆက်ခဲ့သည့် အောင်ဘာလေ Online ထီစနစ်သည် ကံစမ်းသူ၊ ကံထူးသူတစ်ဦးတစ်ယောက်ချင်းအတွက် အကျိုးရလဒ်သာလွန်ရုံမက နိုင်ငံအတွက် ပြည်သူအတွက်လည်း အရေးကြီးလှသော အပေါင်းလက္ခဏာဆောင်ချက်များစွာရှိသည်ကို သတိပြုသင့်သည်။ နိုင်ငံသားတိုင်းသည် တစ်ချိန်တွင် ငွေသားကိုင်ဆောင်သုံးစွဲရသည့် အလေ့အထကို လျှော့ချသွားလိုသည့် ရည်ရွယ်ချက် ငွေသားမဲ့ပေးချေမှုစနစ် ( Cashless Transection Society ) ကို ဖန်တီးလို၍ ဖြစ်သည်။ ၎င်းစနစ်က လုပ်ငန်းကို ချောမွေ့လျင်မြန်စေသည်။ ဝယ်သူရောင်းသူ ငွေရေတွက်ရသည့်၊ အကြွေအမ်းရသည့် အလုပ်များ များစွာသက်သာသွားသည်။ ပွင့်လင်းမြင်သာမှုရှိပြီး အမှားအယွင်းမရှိနိုင်ဘဲ ငွေပေးချေမှုအတွက် ကလစ်တစ်ခုနှိပ်ရုံသာ...။ အလုပ်တစ်ခုမှာ စောင့်ဆိုင်းရသည့်အလုပ် ဘယ်ဂဏန်း ဘယ်အက္ခရာထိုးရမလဲ ရှာဖွေရမည့် အချိန်များစွာ သက်သာသွားမည်ထင်သည်။

လူချင်း ထိတွေ့ဆက်ဆံမှု နည်းသွားသည့်အတွက် ယခုခေတ် ကူးစက်ရောဂါများ ဘေးအန္တရာယ်မှလည်း ကင်းဝေးစေသည်။ ငွေသားမဲ့ပေးချေမှုစနစ်တစ်ခုဟူသည် ယခုခေတ်မှာ အထူးအဆန်းမဟုတ်တော့ဘဲ ခေတ်မီတိုးတက်လိုသူတိုင်းအတွက် ဆွဲဆောင်မှုတစ်ခုပင် ဖြစ်နေပေပြီ။ အောင်ဘာလေ Online အတွက် သုံးစွဲမည့် Software မှာလည်း အဆင်သင့်ဖြစ်၍ နိုင်ငံ၏ ငွေကြေးလည်ပတ်မှုစနစ်နှင့် နိုင်ငံဖွံ့ဖြိုးမှုတွင် အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာမည်ဟု မြင်မိသည်။

*စာမျက်နှာ ၁၁ သို့*



ဇွန် ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၀ ပါ "မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၄) (ကျန်းမာရေးဝန်ကြီးဌာန)" ဆောင်းပါးမှ အောက်ဆုံးပုံစာတွင် "စစ်တွေမြို့ မင်းဂံကျေးရွာ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအား ပြည်ထောင်စုဝန်ကြီးများက အားပေးကြည့်ရှုစဉ်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာတည်းအဖွဲ့

*○ ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားကာ ထိုအသင်းများထဲမှ အနိုင်ရရှိသည့် အသင်းနှစ်သင်းသည် ဇွန် ၁၇ ရက်တွင် ဗိုလ်လုပွဲအဖြစ် လည်းကောင်း၊ ရှုံးသည့်အသင်း နှစ်သင်းသည် တတိယနေရာလုပွဲ အဖြစ် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရန်ပုံငွေ ဘောလုံးပြိုင်ပွဲသို့ နိုင်ငံကျော် အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကျင်းပမည့် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်ကာ MRTV-4 , MWD , Skynet ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။ ကိုယ်တိုင်လာရောက်အားပေးလိုသည့် ပရိသတ်များအတွက် ဘောလုံးပွဲကြည့်လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် သုဝဏ္ဏအားကစားကွင်း ဂိတ်အမှတ်(၅)တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေဘောလုံးပြိုင်ပွဲမှ ရရှိသော ရန်ပုံငွေများအား မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ညွန့်ပေါင်းဘောလုံးအသင်း။

# လူငယ်များ အားကစားပြုလုပ်ခြင်းဖြင့် မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက်လာနိုင်စေရေး အလေးထားမှာကြား

မြစ်ကြီးနား ဇွန် ၁၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ မူးယစ်ကင်းစင်သင်တန်းကျောင်းများ စုပေါင်း မိတ်သဟာယအဖွဲ့၏ စတုတ္ထအကြိမ်မြောက် သင်တန်းကျောင်းများရှိ သင်တန်းသားများအတွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်ပူးပေါင်းကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်သည်။



ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဘုန်းတော်ကြီး ဆွတ်အောင်က ဆုတောင်းဆက်ကပ်ပေးပြီး အားကစားကော်မတီဥက္ကဋ္ဌ ဦးတန်ရော်က ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရည်ရွယ်ချက်တူ၊ ပန်းတိုင်တူ ကျောင်းများ အချင်းချင်း စည်းလုံးညီညွတ်မှု ရရှိစေပြီး မိမိတို့ပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းအတွက် တန်ဖိုးရှိသော လူငယ်/ လူရွယ်များအဖြစ် ပြန်လည်ရပ်တည်လာနိုင်စေရေး၊ မူးယစ်ကျေးကျွန် ဘဝမှ လွတ်မြောက်ပြီး ကျန်းမာသန်စွမ်းသော လူငယ်များ ဖြစ်လာစေရေး၊ လူငယ်များ အားကစားပြုလုပ်ခြင်းအားဖြင့် မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက် လာနိုင်စေရေးနှင့် အားကစားကို မြှင့်တင်ပေးခြင်းဖြင့် ပြည်နယ်အတွက် တန်ဖိုးရှိသော စွမ်းရည်ထက်မြက်သော လူငယ်/လူရွယ်များအဖြစ် ရပ်တည်လာနိုင်ရေး အလေးထားပံ့ပိုးပေးခြင်း ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စုပေါင်းမိတ်သဟာယအဖွဲ့မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် သင်တန်းကျောင်း ၁၀ ကျောင်းမှ ဘောလုံးအသင်း ၁၀ အသင်းတို့အား လိုက်လံနှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံကျော် အဆိုတော် အန်းနော်၏ သီဆိုဖျော်ဖြေမှုနှင့် သရုပ်ပြအဖွဲ့များ၏ သရုပ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ကာ အားကစားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံမှ ဂုဏ်ပြုမှတ်တမ်းလွှာများကို လက်ခံယူသည်။

ဆက်လက်၍ ဇွန် ၁၀ ရက်မှ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည့် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် Ram Hkye F.C အသင်းနှင့် Part N'nan (R.R.C)F.C အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

### နိုင်ငံတော်ဘဏ္ဍာအခွန်ဖြည့်ဆည်းရာတွင် ပါဝင်ထောက်ကူခြင်းဖြင့်

Online အောင်ဘာလေသိန်းဆု ထီစနစ်၏ နောက်ထပ်အကျိုးဆက်တစ်ခုမှာ နိုင်ငံတော် အခွန်ဘဏ္ဍာ တိုးတက်ရရှိလာခြင်းပင် ဖြစ်သည်။ ဤပြုပြင်ပြောင်းလဲမှုတွင် လိုက်ပါဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်မှုကို ပြသရာရောက်သည်။ တရားဝင် ပြည်တွင်းအောင်ဘာလေနှင့် တရားမဝင်ပြည်ပထီထိုးခြင်းများ ဤနေရာတွင် ကွာခြားသွားသည်။ မိမိနိုင်ငံငွေများ ပြည်ပသို့တရားမဝင် စီးဆင်းသွားခြင်းသည် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးတွင် များစွာနစ်နာဆုံးရှုံးမှုများ ရှိနေသည်။ အခြားနိုင်ငံကထီကိုထိုး၍ ထိုနိုင်ငံကပဲ အခွန်ငွေရသွားသည့်အဖြစ်သည် နိုင်ငံကိုများစွာ အကျိုးယုတ်စေသည်။ ပေါက်အားနည်းသော မြန်မာနိုင်ငံ၏ အောင်ဘာလေထီကိုထိုး၍ မပေါက်ခဲ့လျှင်တောင် နောက်ဆုံး မိမိကံစမ်း ထိုးလိုက်သောငွေကြောင့် နိုင်ငံတော်က အခွန်ရသွားသည့်အတွက် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ရာလည်း ရောက်သည်။

ကိုယ်ကပေးလိုက်ရသောငွေသည် ကိုယ့်နိုင်ငံအတွက်အခွန်ဖြစ်ပြီး ကိုယ့်နိုင်ငံသားတွေအတွက် လိုအပ်သည့်နေရာတွင် သုံးစွဲလိုက်ခြင်းဖြစ်သည့်အတွက် ကုသိုလ်လည်း မြောက်ပါသည်။ သို့သော် တရားမဝင် ပြည်ပထီထိုးကံစမ်းခြင်းဟူသော ထိုအရေးသည် ယနေ့အထိ ကုစားရခက်ခဲနေသော ကိစ္စရပ်တစ်ခုဖြစ်ဆဲပင်...။ တရားဝင် အောင်ဘာလေထီ ကံစမ်းသူအရေအတွက် တိုးတက်များပြားလာသော်လည်း တရားမဝင် ချဲထီထိုး၊ ပြည်ပထီကစားမှုပမာဏကလည်း များသည်ထက်များ နေဆဲသာဖြစ်သည်ကို သတိမူ၍ ပြုပြင်ပြောင်းလဲမှုကို တစိုက်မတ်မတ်ဆက်လက် ဆောင်ရွက်ရပေမည်။

တစ်ဆက်တည်း တင်ပြချင်သည်မှာ- အိမ်နီးချင်းနိုင်ငံများ၏ ထီအမျိုးအစားများသည် တစ်ခါတစ်ရံ ရက်လွန်ထီ လက်မှတ်အတုအဟောင်းဖြင့် လိမ်ညာရောင်းချခံရခြင်း၊ ထီလက်မှတ်လိမ်ညာယူခံရပြီး ထွက်ပြေးခြင်း၊ ထီပေါက်ပါကလည်း သွားရောက် ထုတ်ယူရန်အခက်အခဲများ ရှိနိုင်ခြင်း၊ နိုင်ငံတွင်းမှာ အတည်ပြု ပြဋ္ဌာန်းထားသည့် လောင်းကစားဥပဒေများနှင့် ငြိစွန်းပြီး တရားမဝင်ထီကံစမ်းသူကော ထီထိုးရန် တိုက်တွန်းသူကိုပါ ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ခံရနိုင်ခြင်း၊ ထီထိုးနည်းတစ်ခုခုကို ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ် ဆောင်ရွက်ခြင်း၊ ငွေကြေး အကျိုးအမြတ် ရယူခြင်းများသည် များစွာအန္တရာယ်ရှိသည်။ ထောင်ဒဏ်တစ်နှစ်မှ သုံးနှစ်အထိ၊ ငွေဒဏ် တစ်သိန်းမှ ငါးသိန်းအထိ ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ခံရနိုင်သည်ကို သတိပြုစေလိုသည်။

အချုပ်ဆိုရလျှင် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ဆောင်ရွက်နေသော အောင်ဘာလေ Online သိန်းဆုထီစနစ်သည် မြန်မာပြည်သူများ အကျိုးကို တိုက်ရိုက်ဦးတည်သော တိုးတက်သော ပြုပြင်ပြောင်းလဲမှုတစ်ခု ဖြစ်သလို နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေသည်။ သို့သော်လည်း အထက်ပါဆိုခဲ့သလို ပြုပြင်ပြောင်းလဲမှုတိုင်းမှာ စိန်ခေါ်မှုများရှိစမြဲ၊ တိုက်ခိုက်ဝေဖန်မှုများကိုလည်း ကြိုတင်မျှော်တွေးထားရမြဲပင်ဖြစ်သည်။ ဖိအားများကြားက တာဝန်ယူတာဝန်ခံမှု ကြီးကြီးမားမားဖြင့် ဦးဆောင်မှုပေးကာ လုပ်နိုင်သလောက် ကြိုးစားလုပ်နေခြင်းဖြစ်၍ နိုင်ငံသားများအနေဖြင့်လည်း မဖြစ်မနေ လိုက်ပါဆောင်ရွက်ကြမည်ဟု မြင်ပါသည်။ အားနည်းချက်များကိုလည်း တတ်နိုင်သမျှ ပြုပြင် ပြင်ဆင်၍ တိုးတက်သည်ထက် တိုးတက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ကြိုးစား ဆောင်ရွက်နေရမည်သာဖြစ်သည်။ အထူးသဖြင့် တရားမဝင် ထီများ၏ အားသာချက်များဖြစ်သည့် ထီစောင်ရေများများ ကစားနိုင်သည့်အခြေအနေ၊ တစ်လလျှင် ဖွင့်လှစ်မှုအကြိမ်အရေအတွက်၊ ပိုသာသောဆုအရေအတွက်နှင့် နှိုင်းယှဉ်၍ မိမိတို့၏ တရားဝင် အောင်ဘာလေထီလုပ်ငန်းတွင် ပြည်သူများအတွက် အကျိုးများသည်ထက်များအောင်၊ ပြည်သူများ စိတ်ပါဝင်စားပြီး ပိုမိုပူးပေါင်း ပါဝင်လာအောင် ပိုမိုသာလွန်သည့် ဆွဲဆောင်မှုများဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်နေရဦးမည်ဟု ယူဆသည်။ သို့မှသာ မိမိနိုင်ငံအကျိုးစီးပွား၊ မိမိပြည်သူများ၏ အကျိုးစီးပွားကို ပြည်သူဗဟိုပြုဟူသော စကားရပ်နှင့်အညီ ကာကွယ်စောင့်ရှောက်ရာကျပါမည်။ ။

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေအွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့်)

### Application Download ပြုလုပ်ခြင်း

- အဆင့် ၁: အောင်ဘာလေ အွန်လိုင်းထီ Website ကို သွားပါ။
  aungbarlay.ird.gov.mm
  အောင်ဘာလေအွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။
- အဆင့် ၂: Install ပြုလုပ်ရန် Device ရွေးချယ်ပါ။
  Android/iOS
- အဆင့် ၃ : Application ကို Install ပြုလုပ်ပါ။



1

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://aungbarlay.ird.gov.mm/assets/ABL_release_b51.apk



2

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၂: Install ကို နှိပ်ပါ။
  Install ပြုလုပ်ပြီးစီးသည်အထိ စောင့်ပါ။



3

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၃: Install ပြုလုပ်ပြီးပါက Open ကို နှိပ်ပါ။



4

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



5

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://install.appcenter.ms/users/beemedia88/apps/aung-bar-lay/distribution_groups/aung%20bar%20lay



6

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၂: iPhone setting မှ General setting သို့ သွားပါ။
  General ထဲရှိ VPN & Device Management ထဲသို့ ဝင်ရောက်ပါ။



7

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၃: VPN & Device Management ထဲရှိ Enterprise app ကိုနှိပ်ပါ။



8

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၄: Trust စာသား အပြာကိုနှိပ်ပါ။
  Trust ကို နှိပ်ပါ။



9

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- ယခုပုံအတိုင်းဖြစ်ပါက Application ကို စတင်အသုံးပြုလို့ရပါပြီ။



10

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



11

### Account အသစ်ဖွင့်၍ ဝင်ရောက်ခြင်း

- **အဆင့် ၁: စာရင်းသွင်းခြင်းလုပ်ငန်းစဉ်ကို စတင်ပါ။**
  အသုံးပြုသူအသစ် (New User)ဖြစ်ပါက အကောင့်စာရင်းပေးခြင်း (Sign Up)ကို ရွေးချယ်ပါ။
- **အဆင့် ၂: သင့်ဖုန်းနံပါတ်ဖြင့် အကောင့်ဖွင့်ပါ။**
  သင်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းပါ။
  SMS မှပေးပို့လာသော တစ်ခါသုံးလျှို့ဝှက်နံပါတ် (One Time Password – OTP) အား ဖြည့်သွင်းပါ။
  လျှို့ဝှက်နံပါတ် (Password) ဖန်တီးပါ။
- **အဆင့် ၃: အကောင့်ဝင်ပါ။**
  ဖုန်းနံပါတ်နှင့် လျှို့ဝှက်နံပါတ် (Password) ဖြည့်သွင်း၍ Application သို့ ဝင်ရောက်ပါ။
  Biometrics အသုံးပြု၍လည်း Log In ဝင်ရောက်နိုင်ပါသည်။



12

### ထီလက်မှတ် ဝယ်ယူခြင်း

- **အဆင့် ၁: လက်မှတ်ဝယ်ယူခြင်း**
  - လမကုန်မီ (၂)ရက်အလိုထိ ထီလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်ပါသည်။
  - လက်မှတ်ဝယ်ရန်/ BUY TICKET ကို နှိပ်ပါ။



13

### ထီလက်မှတ် ဝယ်ယူခြင်း

- **အဆင့် ၂: ထီလက်မှတ်များ ရွေးချယ်ခြင်း**
  - ကြိုက်နှစ်သက်ရာ ရှေ့အက္ခရာနှင့် နံပါတ်အား ရှာဖွေရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ နံပါတ်အား Search Box မှ ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော နံပါတ်အား Random ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော ၃စောင်တွဲ / ၅ စောင်တွဲ / ၁၀ စောင်တွဲအား Random ရွေးချယ်ခြင်းတို့ဖြစ်ပါသည်။



14

### ထီလက်မှတ် ဝယ်ယူခြင်း

- **အဆင့် ၃: အတည်ပြုပြီး ငွေပေးချေခြင်း**
  ငွေပေးချေရန် မိမိနှစ်သက်ရာ ဝန်ဆောင်မှု တစ်ခုခုကို ရွေးချယ်ပါ။
  မကြာမီ ငွေပေးချေမှု နည်းလမ်း မြောက်မြားစွာ ရှိလာဦးမည်။



15

### ထီလက်မှတ် ဝယ်ယူခြင်း

- **အဆင့် ၄: ထီလက်မှတ်ဝယ်ယူမှု ပြီးမြောက်ခြင်း**
  ငွေပေးချေပြီးပါက ဝယ်ယူမှုအောင်မြင်ကြောင်း SMS ရရှိမည် ဖြစ်ပါသည်။





16

### လက်မှတ်ကို စစ်ဆေးခြင်း

- **ဝယ်ယူထားသော လက်မှတ်ကို စစ်ဆေးခြင်း**
  ကျွန်ုပ်၏ ထီလက်မှတ်သို့သွား၍ ယခုလ ထိုးထားသော လက်မှတ်များ၊ ဆုရထီလက်မှတ်များနှင့် ထိုးပြီး ထီလက်မှတ်များကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။



17

### ထီပေါက်စဉ်များကို ကြည့်ရှုခြင်း

- **ပြီးခဲ့သည့်လ၏ ထီပေါက်စဉ်များကို ကြည့်ရှုခြင်း**
  နောက်ဆုံးထွက်ရှိထားသော ထီပေါက်စဉ်အား ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်သလို ယခင်လများ၏ ထီပေါက်စဉ်များကိုလည်း ထီပေါက်စဉ်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။



18

### ထီဆုကံထူးခြင်းနှင့် ဆုငွေထုတ်ယူခြင်း

- **ထီပေါက်ကြောင်း အကြောင်းကြားသည့် SMS**
  ထီထိုးထားသူ၏ လက်မှတ်သည် ထီပေါက်ပါက Aungbarlay SMS မှ တစ်ဆင့် အကြောင်းကြားစာ ရရှိမည်ဖြစ်ပါသည်။
- **ထီဆုငွေ ထုတ်ယူခြင်း**
  ကျပ်(၁၀)သိန်းနှင့် (၁၀)သိန်းအောက် ထီပေါက်ခဲ့ပါက ထီပေါက်သူ၏ အကောင့်ထဲသို့ ထီဆုငွေကို တိုက်ရိုက်လွှဲပေးမည်ဖြစ်ပြီး ကျပ် ၁၀ သိန်းအထက် ထီပေါက်ခဲ့ပါက ရန်ကုန်၊ မန္တလေးရှိ အောင်ဘာလေ (ရုံးချုပ်)များသို့ သွားရောက်ထုတ်ယူရမည် ဖြစ်ပါသည်။



19

### အသုံးပြုသူအား ဝန်ဆောင်မှုပေးခြင်း

**VIBER & TELEGRAM (ဆိုရှယ်မီဒီယာ)**

- တရားဝင် အွန်လိုင်းချန်နယ်များ၊ ဆိုရှယ်မီဒီယာများမှ တစ်ဆင့် သိရှိလိုသည်များ၊ အခက်အခဲများကို ၂၄ နာရီ ဖြေဆိုကူညီ ဆောင်ရွက်ပေးပါမည်။

**HOTLINE SERVICE**

- Mytel Hotline No. 777
- အခြား Operator Hotline No. 09677000777

**Email**

- abl@support.com.mm




20

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။

## အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG နှင့် PDF အမည်ခံ အဖွဲ့အစည်း အမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ နည်းမျိုးစုံဖြင့်သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထား သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

၎င်းတို့ကို အလွယ်တကူ ခြေရာခံနိုင်ခြင်း မရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များအရ တွေ့ရှိရသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်း ပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခု အသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေးသတင်းထုတ်ပြန်အပ်သည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် KIA အဖွဲ့ဝင်များအား ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို လက်ခံကြိုဆိုလျက်ရှိရာ ယနေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော KIA အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မှ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြန်လည်ဝင်ရောက်လာသည့် KIA အဖွဲ့များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် တနိုင်းမြို့နယ်အတွင်းမှ KIA အဖွဲ့ဝင်အမျိုးသားနှစ်ဦးသည် ၎င်းနှင့် အတူပါလာသော K-25 သေနတ် နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်အတောင့် ၅၀ နှင့် လက်ပစ်ဗုံး နှစ်လုံးကို တာဝန်ရှိသူများထံ အပ်နှံကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဆုကြေးငွေအဖြစ် ပေးအပ်သည့် သေနတ် တစ်လက်လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငွေကျပ် သိန်း ၁၀၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ဆုကြေးငွေ ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၁၀၆ သိန်းကို တာဝန်ရှိသူများက ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက် ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ခိုင်ငြိမ်းအေးသည် ၎င်းအသုံးပြုသည့် “Khaing Nyein Aye” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွာသစ်ကျေးရွာနေ ရွှေစင်ဝင်းသည် ၎င်းအသုံးပြုသည့် “Shwe Sin Win” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်ကုန်းကျေးရွာနေ စုသက်မွန် (ခ) သက်မာဝင်းသည် ၎င်းအသုံးပြုသည့် “Thet Mar Win” Facebook အကောင့်နှင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ အောင်အောင် (ခ) အောင်လေးသည် ၎င်းအသုံးပြုသည့် “Aung Lay” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ အသက် ၈၆ နှစ်အရွယ်တွင် ကွယ်လွန်

**နိုင်ငံတကာသတင်း**

**ရောမ ဇွန် ၁၂**

အီတလီဝန်ကြီးချုပ်ဟောင်း ဆေးလ်ဗီယို ဘာလူစကိုနီသည် အသက် ၈၆ နှစ်တွင် မီလန်ရှိ ဆန်ရက်ဖ် ဖယ်လီဆေးရုံ၌ ဇွန် ၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း ၎င်း၏နိုင်ငံရေးပါတီ ဖော်ဇာအီတလီယာ၏ စာနယ်ဇင်းရုံးက အတည်ပြုထားသည်။

ဘာလူစကိုနီသည် ၎င်း၏ နာတာရှည်သွေးကင်ဆာနှင့် ပတ်သက်ပြီး စီစဉ်ထားသည့် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရန်အတွက် ဇွန် ၉ ရက်က ဆေးရုံတက်ရောက်ခဲ့ကြောင်း ဆေးရုံမှ သိရသည်။ ၎င်းသည် ၂၀၂၀ ပြည့်နှစ်က ကိုဗစ်-၁၉ ရောဂါကို ပြင်းထန်စွာခံစားခဲ့ရပြီး နှလုံးခွဲစိတ်မှု နှင့် အကျိတ်ကင်ဆာကိုလည်း ကျော်လွှားနိုင်ခဲ့ကြောင်း သိရသည်။ ဘာလူစကိုနီသည် ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဝန်ကြီးချုပ်အဖြစ် အစိုးရတာဝန်လေးရပ်ကို ဦးဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ မီလန်ရှိ မဲရုံတစ်ခု၌ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်က မဲပေးစဉ်။

# ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်တွင် မြန်မာနိုင်ငံသားများ လိုက်ပါလာသော မော်တော်ယာဉ် တိမ်းမှောက်ခဲ့မှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

VOA Burmese Facebook သတင်းစာမျက်နှာ၌ "ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်အတွင်း ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်တွင် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို သယ်ဆောင်လာသည့်ကားသည် ရဲများလိုက်ဖမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မီးလောင်ခဲ့သဖြင့် ကားပေါ်ပါသူ မြန်မာ ၄ ဦး သေဆုံးခဲ့ကြောင်း" သတင်းဖော်ပြခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၄-၆-၂၀၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တာဝန်ခံ အလုပ်သမားသံအရာရှိမှ အယုဒ္ဓယနယ်မြေရဲစခန်းသို့သွားရောက်၍ တာဝန်ရှိသူများ၊ ကားမှောက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အောက်ပါအတိုင်း စုံစမ်းသိရှိရပါသည်-

(က) မဲဆောက်မြို့မှ မြန်မာရွှေ့ပြောင်းအလုပ်သမား ၉ ဦးအား သယ်ဆောင်လာသည့် ဗင်ကားသည် ၁-၆-၂၀၂၃ ရက်နေ့၊ ဝဝ:၂ဝ နာရီခန့်တွင် အယုဒ္ဓယမြို့အထွက် လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မီးလောင်ခဲ့ရာ ယာဉ်မောင်းအပါအဝင် ၄ ဦးမီးလောင်သေဆုံးခဲ့ပါကြောင်း၊ ကျန် ၆ ဦးသည် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဘန်ပအင်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ပါကြောင်း၊

(ခ) ယာဉ်တိမ်းမှောက် မီးလောင်မှုကြောင့် သေဆုံးခဲ့သူ ၄ ဦးတွင် ယာဉ်မောင်း(ထိုင်း) ၁ ဦးနှင့် မြန်မာအမျိုးသမီး ၃ဦးတို့ ပါဝင်ပါကြောင်း၊ သေဆုံးသူ ၄ ဦးမှာ မီးလောင်ကျွမ်းမှုကြောင့် အတည်ပြုနိုင်ရန် ခက်ခဲသဖြင့် DNA စစ်ဆေးလျက်ရှိပါကြောင်း၊

(ဂ) ထိခိုက်ဒဏ်ရာရရှိသူများအား မေးမြန်းခဲ့ရာ မြန်မာပြည်မှ ပွဲစားများအား ဘတ် ၂၅ဝဝဝ မှ ၃ဝဝဝဝ အထိပေး၍ ကားများဖြင့် အဆင့်ဆင့်စီးနင်း၍ ထိုင်းနိုင်ငံရှိ ဆွေမျိုးသားချင်းများရှိရာသို့ လာရောက်အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ပါကြောင်း၊

အလုပ်သမားသံအရာရှိရုံးအနေဖြင့် နယ်မြေရဲစခန်းနှင့်ပူးပေါင်း၍ သေဆုံးခဲ့သူများနှင့် ကိုယ်လက်အင်္ဂါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ ရရှိရေးနှင့် မြန်မာအလုပ်သမားများအား အမှုစစ်ဆေးပြီးချိန်တွင် နေရပ်သို့ ပြန်လည်သွားရောက်နိုင်ရေး ဆက်သွယ်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝ မရရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့်အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် တရားမဝင်သွားရောက်ခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ခြင်း၊ လူကုန်ကူးခံရမှုမဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်ရာနိုင်ငံများ၌ လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်၌ လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ၁၃-၅-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများစာရင်းအား အလုပ်သမားဝန်ကြီးဌာန၏ Website www.mpl.gov.mm၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ Safe Migration Telegram Channel နှင့် Safe Migration Facebook Page တွင်သာမက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ဖုန်း ဝ၆၇-၄၃ဝ၁၈၃၊ ဝ၆၇-၄၃ဝ၂၈၄ တို့အား ဆက်သွယ်ခြင်းဖြင့် သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်တွင် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများ လိုက်ပါလာသော မော်တော်ယာဉ် တိမ်းမှောက်ခဲ့မှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှု အခြေအနေအား သတင်းထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် စပါးသားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာ သရုပ်ပြစိုက်ပျိုးခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၁၂**

စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြပညာပေးစိုက်ခင်း ၃ ဒသမ ၆ ဧကတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရှာစေးဖို ကျေးရွာအနီးရှိ အဆိုပါ ပညာပေး စိုက်ခင်း၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ ရေဆင်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသိပ္ပံ ဗဟိုဌာနတို့ ပူးပေါင်းပြီး စပါးမျိုးပေါင်းများစွာကို သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စမ်းသပ်အောင်မြင်ခဲ့သည့်အတွက် တောင်သူများ သိရှိပြီး လက်တွေ့လိုက်ပါ စိုက်ပျိုးနိုင်စေရန် ရည်ရွယ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ယခုလို သရုပ်ပြပွဲ ကျင်းပရခြင်း ဖြစ်ကြောင်း။

ယခု သရုပ်ပြစိုက်ပျိုးမည့် စိုက်ခင်း ၃ ဒသမ ၆ ဧကတွင် ရတနာတိုး တစ်ဧက၊ ပြည်တော်ရင် ဝ ဒသမ ၇၉ ဧကနှင့် ထိုင်းနံ့ကောက် ၁ ဒသမ ၈၉ ဧကဖြင့် စပါးမျိုး သုံးမျိုးကို စမ်းသပ်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ စပါးသားတက်ဆင့်ပွားနည်းပညာ သရုပ်ပြ စိုက်ခင်းများအနေဖြင့် စိုတစ်လှည့်၊ ခြောက်တစ်လှည့် စိုက်ပျိုးရေပေးဝေသည့် (Alternate Wet and Dry) စနစ်ဖြင့် စပါးပင်၏ ရေလိုအပ်ချက်ကို တိုင်းတာတွက်ချက်၍ ရေကို လိုအပ်သလောက်သာ ပေးဝေသည့် နည်းစနစ်တို့ကို အသုံးပြုပြီး သရုပ်ပြစိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အထွက်တိုးသည့် မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေရယူသည့်စနစ်များနှင့် စိုက်ပျိုးနည်းပညာများကို အသုံးပြုစိုက်ပျိုးကြ၍ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးကာ အထွက်နှုန်းများ တိုးတက်ပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာနှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုတေသနပညာရှင်တစ်ဦးက စိုက်ပျိုးနည်းစနစ်နှင့် အကျိုးကျေးဇူးများကို လည်းကောင်း၊ နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြပညာပေး စိုက်ခင်းဆောင်ရွက်ခဲ့မှု အခြေအနေကို လည်းကောင်း၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဦးက စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာတောင်သူ သရုပ်ပြ ပညာပေးစိုက်ခင်းတွင် စက်မှုလယ်ယာစနစ် အသုံးပြုမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာသည့် တောင်သူများက စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ၊ တောင်သူများက စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြ ပညာပေးစိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ (ဓာတ်ပုံ)

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ ရှမ်းကန်ရေလယ် ဘုရားကျောင်းဆောင်ဖောင်ဒေးရှင်း ကွန်ကရစ်လောင်းခြင်းပြီးစီးမှုနှင့် ဆက်စပ်လုပ်ငန်းများ၊ ဘုရားကျောင်းဆောင်သို့ လျှောက်လမ်း တည်ဆောက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်ရှိ စက်စက်ယိုရေကန် အမှတ်(၂) သဲနုန်းများ တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ယူ-၂ဝ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် နာမည်ကြီး ဘရာဇီးအသင်းကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် အစ္စရေးအသင်းက တတိယနေရာ ရရှိခဲ့ပြီး တောင်ကိုရီးယားအသင်းက စတုတ္ထနေရာ ရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် ပွဲပေါင်း ၅၂ ပွဲ ယှဉ်ပြိုင်ကစားခဲ့ကာ သွင်းဂိုးပေါင်း ၁၅၄ ဂိုးအထိ ရှိခဲ့ပြီး တစ်ပွဲပျမ်းမျှ သွင်းဂိုး ၂ ဒသမ ၉၆ ဂိုးနှုန်းရှိသည်။

အိမ်ရှင်အာဂျင်တီးနားအသင်းမှာ ၁၆ သင်းအဆင့်တွင်ပင် နိုင်ဂျီးရီးယားအသင်းကို ဂိုးပြတ်ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး နာမည်ကြီး ဘရာဇီးအသင်းလည်း ကွာတားဖိုင်နယ်တွင် အစ္စရေးအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ **အောင်ဇော်**

# ကျောက်ဖြူမြို့၌ မျိုးစပါးများထောက်ပံ့ပေးအပ်

**ကျောက်ဖြူ ဇွန် ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီကာလတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းနှင့် စံပြကွက်များ ပြုလုပ်ရန်အတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ရွေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဝမျှောင်ကျေးရွာ၊ ကုန်ဘောင်ကျေးရွာ၊ မူရှင်းကျေးရွာနှင့် စနဲ-မင်းပြင်



ကျေးရွာများမှ တောင်သူများအား ဆင်းရွှေလတ်၊ ဆင်းသုခနှင့် ပေါ်ဆန်းရင် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုဒ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုဒ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၃၀ | ၂၁၄၅ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၈၅ | ၂၃၁၅ | ၂၇၀၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၃၀ | ၂၂၂၅ | ၂၂၄၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၉၀ | ၁၉၄၀ | ၁၉၃၅ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၅ | ၂၀၄၅ | ၂၀၄၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၈၀ | ၂၂၁၀ | ၂၆၀၅ |
| HSD (50 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၉၀ | ၂၆၈၅ |
| HSD (10 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၉၀ | ၂၆၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၃ | ၁၉၆၄ |
| 95 Ron | ၁၉၈၈ | ၂၀၆၁ |
| HSD (500 ppm) | ၁၇၉၃ | ၁၈၅၈ |
| HSD (50 ppm) | ၁၈၆၇ | ၁၉၃၃ |
| HSD (10 ppm) | ၁၈၆၇ | ၁၉၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၀ ဦး တွေ့ရှိ

(၁၂ - ၆ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၄၀,၅၄၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၇၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၆၄၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၅)

## (သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)



စစ်တွေမြို့တွင် ရွှေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေဖြန့်ဝေပေးစဉ်။

### ကျေးရွာများအတွက်သန့်ရှင်းသော သောက်သုံးရေရရှိရေး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်သို့ ရောက်ရှိနေစဉ် မေ ၁၉ ရက်က သွားရောက်ခဲ့သော ကျောက်တော်–ရသေ့တောင်ခရီးစဉ်၌ ကျေးရွာများအနီး တူးဖော်ထားခဲ့သော ရေကန်များကို ရဟတ်ယာဉ်ပေါ်မှနေ၍ တွေ့မြင်ခဲ့ရသည်။ မြေသားရေစုကန်များဖြစ်သောကြောင့် အချို့ကန်များသည် ရွှံ့နွံများကြောင့် ဝါထိန်ထိန်ဖြစ်နေပါလိမ့်မည်။ အချို့ကန်များက စိမ်းနေသည်ဆိုငြားလည်း ကန်အောက်မှာ အနည်အနှစ်များရှိနေပါလိမ့်မည်။ သန့်ရှင်းသော သောက်ရေ၊ သုံးရေကို ရွာသူရွာသားများ ခပ်ယူအသုံးပြုနိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန်၊ ပိုးမွှားနှင့် ရောဂါဘယကင်းရှင်းစေရေးအတွက် ရေတွင်းရေကန်များကို ဆေးခတ်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။ ကျွန်တော် စစ်တွေမြို့သို့ စတင်ရောက်ရှိသည့် မေလ ၁၉ ရက်နေ့မှာပင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဆိုပါလမ်းညွှန်ချက်ကို ထပ်ဆင့်အသိပေးခဲ့ပြီးနောက် ယင်းလုပ်ငန်းများ အောင်မြင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ကျွန်တော်အမှတ်ရမိသော ကန် ၁၀၀၊ တွင်း ၁၀၀ စီမံကိန်း

နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်၏ အထက်ပါလမ်းညွှန်ချက်ကို ပြန်လည်ကြားလိုက်ရသည့် အခိုက်အတန့်မှာ ဖျတ်ခနဲ ကျွန်တော်အမှတ်ရလိုက်မိသည်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်တွင် ရခိုင်ဒေသ၌ဆောင်ရွက်ခဲ့သော ကန် ၁၀၀၊ တွင်း ၁၀၀ စီမံကိန်းဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေဆဲ။ ပေ ၁၀၀၊ ပေ ၁၅၀ ပတ်လည်ရေကန်များကို စက်ယန္တရားများဖြင့်လည်းကောင်း၊ လူအားဖြင့်လည်းကောင်း တူးဖော်ပေးခဲ့ကြသည်။ တွင်း ၁၀၀ ဆိုသည့်အတိုင်း လက်တူးတွင်းများလည်းပါသည်။ ရေကန်များတူးဖော်ပြီးစီးပါက ရွာသူရွာသားများ ရေကန်အတွင်းဆင်း၍ ရေမခပ်စေဘဲ ပန့်ဖြင့်စုပ်တင်ပြီး ရေစုကန်ထဲသို့ထည့်ပေးရန်၊ ရေတွင်းများတူးဖော်ပြီးစီးပါက အမိုးမိုးရန်၊ ခြံစည်းရိုးကာရန်တို့နှင့်စပ်လျဉ်း၍ ထိုစဉ်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း လမ်းညွှန်မှာကြားခဲ့သည်ကိုလည်း အမှတ်ရဆဲဖြစ်သည်။ အနုပညာရှူးသွပ်မှုများထဲက တစ်ခုလို့ပဲပြောရမလားမသိ၊ ရခိုင်ဒေသ၏ အဆိုပါ ကန် ၁၀၀၊ တွင်း ၁၀၀ စီမံကိန်းလေးကိုပင် အရုပ်တွေစုဆောင်းပြီး ရန်ကုန် (၄၁) လမ်းက ကျွန်တော့်မိတ်ဆွေ ရွှေကောင်းမြတ်ဗီဒီယိုမှာ တည်းဖြတ်ကာ ၁၀ မိနစ်စာ ရုပ်မြင်သံကြားအစီအစဉ်အဖြစ် MRTV ၌ ထုတ်လွှင့်ပြသခဲ့ဖူးသည်ကိုလည်း မမေ့ခဲ့ပါ။

**ကရင်၊ နေပြည်တော်၊ စစ်ကိုင်းမှ ရွှေ့လျားရေသန့်ကားသုံးစီးကို ရခိုင်သို့ ထပ်မံပို့ဆောင်ထားရာ ရောက်ရှိလာပါက ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့နယ်များတွင် ထားရှိသွားမည်ဖြစ်သည်**

**ရွှေ့လျားရေသန့်ကားများသည် တစ်နာရီလျှင် ရေဂါလန် ၈၀၀ ခန့် သန့်စင်ပေးနိုင်ပြီး ကားခြောက်စီးဖြင့် မေ ၁၆ ရက်မှ ဇွန် ၅ ရက်အထိ သန့်ရှင်းသောသောက်သုံးရေ ၄၄၆၅၇၉ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့သည်**



ရသေ့တောင်မြို့နယ်တွင် ရွှေ့လျားရေသန့်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးစဉ်။

### တိုင်းရင်းသားရွာတွေ များစွာရှိနေသည်

ရခိုင်ပြည်နယ်အတွင်း၌ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့စဉ်က စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များကို အရောက်အပေါက်များခဲ့သည်။ အထူးသဖြင့် ဘူးသီးတောင်၊ ရသေ့တောင်နှင့် မောင်တောတို့ဖြစ်၏။ နိုင်ငံတော်၏ အနောက်တံခါးခိုင်ခံ့ဖို့၊ လုံခြုံစိတ်ချရဖို့အတွက် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် စွမ်းအားရှိသမျှကြိုးစားခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော နဝတ၊ နယကခေတ်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌ တောင်ပေါ်တောင်အောက် ဟိုတစ်စုသည်တစ်စု အကွဲကွဲအပြားပြားဖြစ်နေသော မြို၊ ခမီ၊ ဒိုင်းနက်၊ သက်လူမျိုးများ အခြေပြုရာကျေးရွာလေးများကို စုစည်း၍ ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း စုစည်းကျေးရွာ ၂၀ တည်ဆောက်ပေးခဲ့သည်။ မောင်တောမြို့နယ်အတွင်းမှ ရန်အောင်မြင်၊ အောင်မင်္ဂလာ၊ ပဲရုံ/ အင်းဒင်၊ သရေကုန်းဘောင်၊ မောရဝတီ၊ ဖားဝပ်ချောင်း၊ သုပဏ္ဏက၊ နမ့်ရာကိုင်း၊ အောင်သပြေ၊ မင်းခမောင်း၊ မင်္ဂလာညွန့်၊ တောင်ပြိုလက်ဝဲ၊ ဥဒေါင်း၊ ကျောက်ပန္ဒုနှင့် ရေမျက်တောင်ကျေးရွာများ၊ ဘူးသီးတောင်မြို့နယ်အတွင်းမှ ကထိလှ၊ ကျောက်စာတိုင်၊ ကျွဲရိုင်း၊ ဝါးခုတ်ချောင်းနှင့် မင်းလှကိုင်းကျေးရွာများ ဖြစ်ကြသည်။

ထိုနည်းတူစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း စံပြကျေးရွာ ၁၉ ရွာကို တည်ဆောက်ပေးခဲ့သည်။ အဆိုပါကျေးရွာများမှာ မောင်တောမြို့နယ်ထဲမှ အောင်ဇေယျ၊ မြဝတီ၊ ဝေသာလီ၊ ကသည်း (ငါးရံ့ချောင်း)၊ သုခမြိုင်၊ ဒီပီအေ၊ ရွှေရင်အေး၊ လောင်းဒုံ၊ ခရေမြိုင်၊ ကိုင်းကြီး၊ ရွှေဇဟို၊ အောင်သာယာ၊ ရန်ခါစေတီကျေးရွာများ၊ ဘူးသီးတောင်မြို့နယ်အတွင်းမှ ဂန္ဓမာ၊ အင်ကြင်းမြိုင်၊ သရဖီနှင့် ကံ့ကော်မြိုင်ကျေးရွာများ၊ ရသေ့တောင်မြို့နယ်အတွင်းမှ သဇင်မြိုင်နှင့် ပိတောက်မြိုင်ကျေးရွာများ ဖြစ်ကြသည်။ အဆိုပါ စုစည်းကျေးရွာ ၂၀၊ စံပြကျေးရွာ ၁၉ ရွာ၊ စုစုပေါင်း ၃၉ ရွာကို ပြုပြင်တည်ဆောက်မှုများပြုလုပ်ပေးပြီး ၁၉၉၉ ခုနှစ်မှ စတင်ကာ ရခိုင်အိမ်ထောင်ပြောင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အိမ်ရာအတည်တကျမရှိသော အိမ်ထောင်စုများကို စုစည်းခေါ်ယူပြီး အဆိုပါကျေးရွာများတွင် နေရာချထားပေးခဲ့သည်။ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရများအနေဖြင့် ၎င်းမိသားစုများ ဘဝရှေ့ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးခဲ့သည်။ လယ်ယာမြေများဖော်ထုတ်ခွဲဝေပေးသည်၊ ကနဦးတွင် ကျွဲနွားနှင့် လှည်းများထောက်ပံ့ပေးရာက နောက်ပိုင်းလေးအိမ်ထောင်လျှင် လက်တွန်းထွန်စက်တစ်စီးအထိ ထောက်ပံ့ပေးခဲ့သည်။ အပ်ချုပ်စက်၊ ဆိုက်ကား၊ ဒန်အိုးဒန်ခွက်များကအစ ဆန် ဆီ ဆား ပဲ ရိက္ခာတစ်လစာ၊ ရိက္ခာစိုက်ငွေ တစ်လစာတို့ကိုပါ ထောက်ပံ့ပေးခဲ့သည့်အပြင် ကျေးရွာအလိုက် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်းများကိုလည်း တည်ဆောက်ပေးခဲ့သည်။

*စာမျက်နှာ ၁၇ သို့*



ပေါက်တောမြို့နယ် ဇေယျဝတီရေကန်အား ပြန်လည်တူးဖော်ပေးထားမှု။



မြောက်ဦးမြို့နယ် အဝပြင်(ဟောင်း)ကျေးရွာရေကန်အား ပြန်လည်တူးဖော်ပေးထားမှု။

*စာမျက်နှာ ၁၆ မှ*

ဤသို့ စီစဉ်ဆောင်ရွက်ပေးပင်ပေးခဲ့သော်ငြား လည်း ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေဟု သာသာထိုးထိုးလေး ကျွန်တော်ပြောရပေတော့မည်။ နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်အတွက် ကြိုတင်မြော်တွေးကာ လူဦးရေတစ်သိန်းခန့်ဖြင့် ကာရံထားလို၍ ယင်းကဲ့သို့ ပို့ဆောင်ပေးခဲ့သော် လည်း လူဦးရေသောင်းဂဏန်းပင် မပြည့်ခဲ့ပါ။ ၁၉၉၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် စတင်ပို့ဆောင်ခဲ့သော ရခိုင်အိမ်ထောင်ပြောင်းစီမံကိန်းသည် ၂၀၁၁ ခုနှစ် တွင် ၁၉ ကြိမ်မြောက် ပို့ဆောင်ပြီးသကာလ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းသွားခဲ့သည်။ ရေတွင်းရေကန်များနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနလုပ်ငန်းများ ကို သတိရမိရာက ရခိုင်အိမ်ထောင် ပြောင်း ကိစ္စကိုပါ ဝေမျှလိုက်ခြင်းဖြစ်သည်။ မိုခါ မုန်တိုင်း မဝင်ရောက်မီ အကြိုကာလဆောင်ရွက်မှု များနှင့် ဝင်ရောက်တိုက်ခတ်ပြီးချိန်ကာလ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးမှု အခြေအနေများကို ဆက်လက်တင်ပြသွားပါမည်။

**ရွှေ့လျားရေသန့်ကားများ ကြိုတင်ဖြန့်ခွဲထားရှိ**

ကနဦးမိုးလေဝသသတင်းများအရ မိုခါမုန်တိုင်း ၏ ဦးတည်ရာသည် ရခိုင်လား၊ ဧရာဝတီလား၊ ဘင်္ဂလားဒေ့ရှ်လား မကွဲပြားသေးပါ။ သည့်အတွက် သဘာဝဘေးကြုံလာခဲ့သည်ရှိသော် ကျန်းမာရေး အရရော၊ အသက်ရှင်သန်ရေးအတွက်ရော မရှိ မဖြစ်လိုအပ်သော အရာတစ်ခုမှာ သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေးဖြစ်သည်။ ခန့်မှန်းချက်များအရ ရန်ကုန်၊ ဧရာဝတီ၊ ရခိုင်၊ မကွေး၊ စစ်ကိုင်းတို့တွင် ရွှေ့လျားရေသန့်ကား တစ်စီးစီဖြန့်ခွဲထားရှိခဲ့သည်။ နေပြည်တော်၊ ကရင်၊ ရှမ်း (တောင်)၊ ပဲခူး၊ တနင်္သာရီတို့တွင်လည်း တစ်စီးစီ ရှိနေပြီးဖြစ်သည်။ မိုခါမုန်တိုင်း၏ ဦးတည်ရာသည် ရခိုင်ပြည်နယ်၊ စစ်တွေနှင့် ကျောက်ဖြူအကြား ဝင်ရောက်မည်ဖြစ်ကြောင်း သိလိုက်ချိန်တွင် ကျောက်ဖြူသို့ ရွှေ့လျားရေသန့်ကားတစ်စီး ကြိုတင် ထားရှိပေးခဲ့သည်။ မေ ၁၄ ရက်တွင် တစ်နာရီ လျှင် လေတိုက်နှုန်း မိုင် ၁၃၀ ကျော်ဖြင့် ဝင်ရောက် တိုက်ခတ်ချိန်တွင်တော့ ရခိုင်ပြည်နယ်အတွင်း ၁၇ မြို့နယ်ရှိသည့်အနက် မြောက်ပိုင်းမြို့နယ် များဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ် များသည် ထိခိုက်ပျက်စီးမှု များပြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့် ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၏ ကြိုတင် မြော်တွေး စီမံဆောင်ရွက်ထားမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်အန္တရာယ် ထိခိုက် ဆုံးရှုံးမှု အလွန်နည်းခဲ့သည့်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အံ့အားသင့်ချီးကျူးမှု၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ယုံကြည်ကိုးစား ကျေးဇူးတင်မှုကို ခံယူခဲ့ရသည်။

ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ခဲ့သည့် မြို့နယ် ၁၀ မြို့နယ်တွင် ပင်လယ်မုန်တိုင်းဒီရေကြောင့် မြေသားရေစုကန်များ ဆားငန်ရေဝင်ရောက်နိုင်မှု၊ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်နိုင်ခြေရှိမှု၊ ဒေသခံ ပြည်သူလူထု၏ ရေလိုအပ်ချက်ရှိမှုတို့အပေါ် မူတည် ၍ အခြားပြည်နယ်၊ တိုင်းဒေသကြီးများမှ ရွှေ့လျား ရေသန့်ကားများကို ရခိုင်ပြည်နယ်သို့ ပို့ဆောင် ပေးကာ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြား မြို့နယ်တွင် တစ်စီး၊ စစ်တွေမြို့နယ်တွင် သုံးစီး ဖြန့်ခွဲထားရှိသည်။ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကရင်၊ နေပြည်တော်၊ စစ်ကိုင်းမှ ရွှေ့လျားရေသန့်ကားသုံးစီးကို ရခိုင်သို့ ထပ်မံ ပို့ဆောင်ထားရာ ရောက်ရှိလာပါက ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့နယ်များတွင် ထားရှိ သွားမည်ဖြစ်သည်။

ရွှေ့လျားရေသန့်ကားများသည် တစ်နာရီလျှင် ရေဂါလန် ၈၀၀ ခန့် သန့်စင်ပေးနိုင်ပြီး ကားခြောက်စီး ဖြင့် မေ ၁၆ ရက်မှ ဇွန် ၅ ရက်အထိ သန့်ရှင်းသော သောက်သုံးရေ ၄၄၆၅၇၉ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ သည်။ ရွှေ့လျားရေသန့်ကားများသည် မြို့ အသီးသီးတွင် မူလရှိပြီးသော ရေထွက်နှုန်းကောင်း သည့် ရေတွင်းကြီးများမှ ရေကိုစုပ်ယူ သန့်စင်ပေး နိုင်သလို နောက်ကျိနေသည့် မြေသားရေစုကန် များမှ ရေများကိုလည်း စုပ်ယူသန့်စင်ပေးနိုင်ခဲ့ သည်။ သို့ရာတွင် ရွှေ့လျားရေသန့်ကားများသည် မြို့နယ်အသီးသီးရှိ ကျေးရွာများသို့ ရောက်ဖို့ရာ မလွယ်ကူပါ။ မြေသားရေစုကန်များ အများအပြား ရှိနေသည်ကလည်း ကျေးရွာများတွင်ဖြစ်သည်။ ကျေးရွာများ၏ သန့်ရှင်းသော သောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် Life Straw Community ရေသန့်စက်များကို မြို့နယ်အလိုက် ကျေးရွာများသို့ အရောက်ဖြန့်ဝေ ပေးပို့ခဲ့သည်။

**Life Straw Community မှ**
**ရေသန့်စက်လေးများ**

အရွယ်အစားအားဖြင့်လည်း မကြီးလှ၊ လူ နှစ်ယောက် အလွယ်တကူ သယ်ယူရွှေ့ပြောင်းနိုင် သည်။ နောက်ကျိသော ရေကန်ဘေးမှာလည်း ထားနိုင်သည်။ ရွာကလူကြီးအိမ်မှာ၊ စာသင်ကျောင်း မှာ၊ ဘုန်းတော်ကြီးကျောင်းမှာထားပြီး ရေနောက် ကန်များမှရေကို သယ်ယူလောင်းထည့်၍ ကြည်လင် သန့်စင်သောရေကို ခံယူရရှိနိုင်သည်။ လျှပ်စစ် ဓာတ်အားမလိုခြင်းက သူ၏အားသာချက်ဖြစ်၏။ လောင်းထည့်လိုက်သော ရေနောက်များသည် အကြိုရေစစ်ကိရိယာ(prefilter)ကို စတင်ဖြတ်ပြီး နောက်ထပ်မံ၍ ရေစစ်ကိရိယာနှစ်ခုကိုဖြတ်၊ ယင်းမှ Membrane ချောင်းကို ထပ်မံဖြတ်သန်းပြီးသော အခါ အသင့်သောက်သုံးနိုင်သော သောက်ရေသန့် များကို ရရှိပြီဖြစ်သည်။ Life Straw ရေသန့်စက် များသည် တစ်နာရီလျှင် ရေသုံးဂါလန်ခန့် သန့်စင် ပေးနိုင်သည်။ ယင်းစက်တစ်လုံးသည် လူဦးရေ ၁၀၀ တစ်နေ့တာသောက်သုံးရန် ရေကိုသန့်စင် ပေးနိုင်သဖြင့် ရွာသူရွာသားများ ပျော်ရွှင်ချမ်းမြေ့စွာ အသုံးပြုနေကြပြီဖြစ်သည်။

ယင်းရေသန့်စက်များကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အလုံး ၁၁၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနက အလုံး ၁၀၀ စုစုပေါင်း အလုံး ၂၁၀ ဝယ်ယူထောက်ပံ့ခဲ့ခြင်းဖြစ်၏။ တစ်လုံး ၏ တန်ဖိုးမှာ ကျပ်ကိုးသိန်းဖြစ်သည်။ မြို့နယ် အလိုက် ဖြန့်ခွဲထားရှိမှုမှာ စစ်တွေမြို့နယ်တွင် အလုံး ၃၀၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် အလုံး ၂၀၊ ပေါက်တောမြို့နယ်တွင်၂၃ လုံး၊ ရသေ့တောင်မြို့နယ် တွင် အလုံး ၅၀၊ မြောက်ဦးမြို့နယ်တွင် အလုံး ၂၀၊ ကျောက်တော်မြို့နယ်တွင် ၂၂ လုံး၊ မင်းပြားမြို့နယ် အလုံး ၂၀၊ မြေပုံမြို့နယ်တွင် ၁၅ လုံး၊ မောင်တော မြို့နယ် ငါးလုံး၊ ဘူးသီးတောင်မြို့နယ် ငါးလုံး ဖြစ်သည်။ ယင်းသို့ ဖြန့်ဝေပေးပို့ရာတွင် ရွာသူ ရွာသားများ စနစ်တကျ အသုံးပြုတတ်စေရန် အတွက် ရေသန့်စင်စက်တပ်ဆင်နည်း၊ နေ့စဉ် အပတ်စဉ် လစဉ်သန့်ရှင်းရေးပြုလုပ်နည်း၊ ရေစက် ကိရိယာများ အစားထိုးလဲလှယ်ရမည့် အချိန်ကာလ ပါဝင်သော လမ်းညွှန်စာရွက်လေးများကိုပါ တစ်ပါတည်း ရှင်းလင်းပြသပေးပို့ခဲ့သည်။

**ရွှေ့လျားရေသန့်စက်များ ထပ်မံပေးပို့**

ကျေးရွာများရှိ မြေသားရေစုကန်များမှ နောက်ကျိနေသောရေကို စုပ်ယူသန့်စင်၍ ရွာသူ ရွာသားများအား ဖြန့်ဝေပေးနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ ဖြင့် ရွှေ့လျားရေသန့်စက်များ အစုံ ၂၀ တည်ဆောက် ပေးပို့လာသည်။ ထိုရွှေ့လျားရေသန့်စက်များ သည် ယခင်က ဂျင်နရေတာကို ပန့်နှင့်တွဲ၍ စုပ်ယူ သန့်စင်သည့်စနစ်ဖြစ်သည်။ ကျေးရွာများအနေဖြင့် စက်သုံးဆီသုံးစွဲရန် အခက်အခဲရှိနိုင်သောကြောင့် ဂျင်နရေတာအစား 470W ဆိုလာနှစ်ချပ်၊ ၀ ဒသမ ၅ ပန့်တစ်လုံးတွဲ၍ သုံးနိုင်အောင်တည်ဆောက် ပေးခဲ့သည်။ တန်ဖိုးအားဖြင့် တစ်လုံးလျှင် ၂၆ သိန်း ကုန်ကျခဲ့သည်။ သန့်စင်ပေးနိုင်မှုအခြေအနေမှာ တစ်နာရီလျှင် ရေဂါလန် ၃၀၀ ခန့် စုပ်ယူသန့်စင် ပေးနိုင်သည်။ ယင်းရွှေ့လျားရေသန့်စက်များကို လည်း မြို့နယ်အလိုက် ကျေးရွာများတွင် လှည့်လည် အသုံးပြုသန့်စင်ပေးနိုင်ရေး ခွဲဝေပေးပို့သွားမည် ဖြစ်သည်။

**ရေကန်များအား ပြန်လည်တူးဖော်**
**သန့်ရှင်းရေး ဆောင်ရွက်ပေး**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ သောက်သုံး ရေရရှိရေးအစီအစဉ်ဖြင့် ရေကန်များ တူးဖော်ပေး ခဲ့ရာ ယင်းကန်များထဲမှ စစ်တွေတွင် ကန် ၂၀၊ ပုဏ္ဏား ကျွန်းတွင် ၄၅ ကန်၊ ရသေ့တောင်တွင် ၄၃ ကန်၊ ပေါက်တောတွင် ကန် ၂၀၊ မြောက်ဦးတွင် ၄၃ ကန်၊ ကျောက်တော်တွင် ခြောက်ကန်၊မင်းပြားတွင် ၃၃ ကန်၊ မြေပုံတွင် ၁၁ ကန်၊ စုစုပေါင်း ၂၂၂ ကန်သည် ရေငန် ဝင်ရောက်မှု၊ ပြန်လည်သန့်စင်ရန်လိုအပ်မှုတို့ ကြောင့် ပြန်လည်တူးဖော် သန့်စင်ပေးလျက်ရှိသည်။ ဇွန် ၈ ရက်အထိ ဆောင်ရွက်ပြီးစီးမှုမှာ တူးဖော်ပြီး ၁၇၉ ကန်၊ တူးဖော်ဆဲ ၃၂ ကန်၊ တူးဖော်ရန်ကျန် ၁၁ ကန် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိုခါ မုန်တိုင်းဒဏ်ကြောင့် ရေကန်အချို့တွင် ကာရံထား သော ခြံစည်းရိုးများ လဲပြိုသွားခြင်း၊ လက်တူးတွင်း များ၏ အမိုးများ လေနောက်လွင့်ပါကုန်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ယင်းရေတွင်းရေကန်များကိုလည်း ပြန်လည်ပြုပြင်ပေးမည်ဖြစ်သည်။

**ရွှေကိုမလို ရေကိုသာလိုသည်**

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် စစ်တွေမြို့တွင်းရှိ ရပ်ကွက်အချို့တွင် ရွှေ့လျား ရေသန့်ကားဖြင့် ရေပေးဝေနေမှု၊ ဆိုလာသုံး ရေသန့်စက်များဖြင့် ရေစုပ်ယူပေးဝေနေမှုများကို ကျွန်တော်လိုက်လံကြည့်ရှုခဲ့သည်။ အချို့က ရေသန့်ကားနောက်မှာ အိုးတွေခွက်တွေ၊ ရေပုံးတွေ ချကာ တန်းစီရေယူရသည်ကို မစောင့်နိုင်တော့ဘဲ ရေကန်ထဲမှ ဝါကျင်ကျင်ရေတွေကို ဆင်းခပ်ပြီး သယ်ယူသွားကြသည်ကိုတွေ့မြင်ခဲ့ရ၏။ သုံးရေ အတွက် ရည်ရွယ်ပြီးခပ်သွားလျှင် ကိစ္စမရှိ၊ သောက်ရေအတွက် ရတာယူသွားပြီး ကျိတ်မှိတ် သောက်နေကြမည်လားဟု စိုးရိမ်စိတ်ပွားမိသည်။ သဘာဝဘေးသင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ၊ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့ကြီးမှအစ မြို့နယ်အသီးသီးမှ ကျေးရွာများသည် သန့်ရှင်းသော သောက်သုံးရေလိုအပ်နေဦးမည်မှာ သေချာသည်။ ကျွန်တော်တို့ ပို၍ကူညီလုပ်ကိုင်ပေးရပါဦးမည်။ အထူးသဖြင့် မြေသားရေစုကန်များကိုသာ အားထားနေရသော ကျေးရွာများစွာရှိနေပါသေး သည်။ ဤကဲ့သို့ ဆောင်ရွက်ပေးလျှင် ကျွန်တော်တို့ အတွက်လည်း ရေအကျိုး ၁၀ ပါးက မတောင်းဘဲ ပြည့်နေမည်မှာ သေချာလှပေသည်။ ။

# တောင်ငူခရိုင်၏ မြေပဲစိုက်ပျိုးမှုနှင့် စားသုံးဆီဖူလုံမှု အခြေအနေ

မြေပဲသည် ပြည်တွင်းစားသုံးမှုအတွက် အရေးပါသော ဆီထွက်သီးနှံဖြစ်ပြီး နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေနှင့် ကိုင်းကျွန်းမြေများတွင် ကောင်းစွာဖြစ်ထွန်းကြကြောင်း၊ မိုးဦးစိုက်ပင်ထောင်/ပင်ပြန့် စိုက်ဒေသများတွင် မေလဆန်းမှ ဇွန်လ(ပထမအပတ်)အတွင်း၊ မိုးနှောင်းသီးထပ်စိုက်ဒေသများတွင် စက်တင်ဘာလဆန်းမှ အောက်တိုဘာလ (ပထမအပတ်)အတွင်း ကိုင်းကျွန်းစိုက်ဒေသများတွင် အောက်တိုဘာလမှ နိုဝင်ဘာလ (ပထမပတ်)အတွင်း၊ စပါးသီးထပ်ဆောင်း မြေပဲစိုက်ဒေသများတွင် နိုဝင်ဘာလမှ ဒီဇင်ဘာလ (တတိယအပတ်) အတွင်း စိုက်ပျိုးကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် သက်ဆိုင်ရာဌာနမှ ရရှိသော စာရင်းဇယားများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မိုးမြေပဲ ၈၀၈၃ ဧက စိုက်ပျိုးပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် ၅၀ ဒသမ ၉၂ တင်းနှုန်းဖြင့် စုစုပေါင်း ၄၁၁၅၈၆ ဒသမ ၃၆ ထွက်ရှိကြောင်း၊ ဆောင်းမြေပဲ ၁၉၁၉၆ ဧက စိုက်ပျိုးပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် ၆၉ ဒသမ ၅၇ တင်းနှုန်းဖြင့် စုစုပေါင်း ၁၃၃၅၄၆၅ ဒသမ ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။



တောင်ငူခရိုင်တွင် လူဦးရေ ၁၀၅၇၀၀၀ ခန့်ရှိရာ မျိုး၊ အလေအလွင့်နှင့် စားသုံးမှုကို ချန်လှပ်လျှင် မြေပဲတောင့် ၁၂၃၇၅၀၀ တင်းခန့် ပိုလျှံသဖြင့် စားသုံးဆီအဖြစ် ကြိတ်ခွဲနိုင်မည်ဖြစ်ကြောင်း၊ မြေပဲတောင့်တစ်တင်းလျှင် မြေပဲဆန် ငါးပိဿာခန့်ရရှိပြီး မြေပဲဆန် ငါးပိဿာကြိတ်ခွဲလျှင် စားသုံးဆီနှစ်ပိဿာနှင့် ပဲဖတ်သုံးပိဿာခန့် ထွက်ရှိကြောင်း၊ တောင်ငူခရိုင်မှ ထွက်ရှိသောမြေပဲများ ဆီကြိတ်ခွဲလျှင် စားသုံးဆီ ပိဿာ ၁၂၃၇၅၀၀၊ တန်အားဖြင့် ၂၀၂၁ တန်ခန့် ထွက်ရှိကြောင်း သိရသည်။

DOCA(ပဲခူး)

## FACETS Sri Lanka, International Gem & Jewellery Show 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

FACETS Sri Lanka, International Gem & Jewellery Show 2024 ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ Cinnamon Grand ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲတွင် ကမ္ဘာတစ်ဝန်းရှိ ကျောက်မျက်ရတနာ ဝယ်ယူသူများအဖွဲ့၊ တစ်ဦးချင်းဝယ်ယူသူများနှင့် ကျောက်မျက်ရတနာ ဝယ်ယူသည့် အဖွဲ့အစည်းများအားလုံးကိုလည်း သီရိလင်္ကာနိုင်ငံ ကျောက်မျက်ရတနာအသင်းမှ ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

# ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ၌ နှမ်းစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ၌ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး ကုလားပဲ၊ နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို နှစ်စဉ် စိုက်ပျိုးကြကြောင်း၊ နှမ်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ချိန်မှစ၍ အပင်အားဆေး၊ ပိုးသတ်ဆေးနှင့် ရေဖျန်းခြင်းလုပ်အားခငွေနှင့် သွင်းအားစုအပါအဝင် စုစုပေါင်း ငွေကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီးသုံးလအကြာတွင် ရိတ်သိမ်းရပြီး တစ်ဧကအထွက်နှုန်းအားဖြင့် ၁၀ တင်း ထွက်ရှိကြောင်း သိရသည်။



ဈေးကွက်အနေဖြင့် ထွက်ရှိလာသော နှမ်းများကို မကွေးနှင့် မင်းဘူးတို့ရှိ ပွဲရုံများသို့ သွားရောက် ရောင်းချရကြောင်း၊ နှမ်းသီးနှံ စတင်ချိန်၌ နှမ်းတစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ မှ ၈၅၀၀၀ ဈေးနှုန်းရရှိကြောင်း၊ နှမ်းသီးနှံသည် မိုးများစွာရွာသွန်းလျှင် အပင်များ ပျက်စီးသည့်အတွက် ယခုနှစ်တွင် မိုခါ မုန်တိုင်းကြောင့် မိုးများစွာ ရွာသွန်းခဲ့သဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း နှမ်းစိုက်ပျိုးသော တောင်သူများထံမှ သိရသည်။

DOCA (မကွေး)

# (၇) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) သွင်းကုန်-ပို့ကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

(၇) ကြိမ်မြောက် တရုတ်- တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) သွင်းကုန်-ပို့ကုန်ကုန်စည်ပြပွဲ (7th China – South Asia Exposition and 27th China (Kunming) Import & Export Fair ) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ Online နှင့် Offline ပုံစံနှစ်မျိုးဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲ ကျင်းပနေစဉ်ကာလအတွင်း ပြပွဲပြသသူများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား စီးပွားရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ ပြပွဲသို့ ပါဝင်ပြသခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြပွဲပြသသူများနှင့် ဝယ်ယူသူများကိုလည်း ပြပွဲသို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

## ၁၂ - ၆ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရေှာတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၇၀၀၀ | ၇၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၃၀၀ | ၈၅၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၉၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၃၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၂၃၀၀ | ၁၃၅၀၀ | ၆၄၀၀ | ၂၂၀၀၀ | ၁၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၂၈၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၇၅၀၀ | | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၅၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၅၆၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ မုံရွာတွင် ငွေကျပ် ၂၀၀၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၅၀၊ စားအုန်းဆီတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၂၀၀၊ မန္တလေး၊ ပခုက္ကူ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ မကွေးနှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၄၀၀၊ ချင်းတစ်ပိဿာလျှင် လားရှိုး၊ တောင်ကြီးနှင့် မြိတ်တွင် ငွေကျပ် ၅၀၀၊ မုံရွာတွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၀၊ ပဲခူးတွင် ငွေကျပ် ၁၅၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၁၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ပုသိမ်တွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ ပဲခူးတွင် ငွေကျပ် ၁၁၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၄၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ အာလူးတစ်ပိဿာလျှင် ကျိုင်းတုံနှင့် မြိတ် ငွေကျပ် ၂၀၀၊ လွိုင်ကော်နှင့် ပုသိမ်တွင် ငွေကျပ် ၅၀၀၊ ပဲခူးတွင် ငွေကျပ် ၈၀၀၊ ဝက်သား တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ အမဲသား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၃၀၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။
(၂) ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်နှင့် မုံရွာတွင် ငွေကျပ် ၂၀၀၊ ပုသိမ်တွင် ငွေကျပ် ၃၀၀၊ ဝက်သားနှင့် အမဲသား တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၂၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ၌ တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဇွန် ၁၂

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ မောသီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင် ရှင်းလင်းခြင်းနှင့် ဓာတ်တိုင်များ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ခရိုင်တရားရုံးအတွင်းရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ရွှေတောင် ကျောင်းတိုက်အတွင်းရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့နောက် ဇိနမရံအောင်ကျောင်းတိုက်အတွင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော်မြို့အတွင်းရှိ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၁၂

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည့် ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by MPE
www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၆ - ၂၀၂၃

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၄၀ ကျပ် | ၁၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၂၀ ကျပ် | ၂၀၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၃၅ ကျပ် | ၂၁၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၄၀၀ | ၃၁၉၉၇၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၆၂၅ | ၁၈၁၁၇၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၃၀ | ၂၁၃၀၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၈၀၄ | ၄၀၆၅၈၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀ | ၂၅၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၁ | ၂၆၉၅၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၂၁၉ | ၁၀၅၁၃၀၀ |

ညီညီ - စုစည်းသည်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေထီလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူကံစမ်းနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ အောင်ဘာလေထီလက်မှတ်များအား အွန်လိုင်းမှတစ်ဆင့် ဝယ်ယူကံစမ်းနိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် Service Provider အဖြစ် တင်ဒါအောင်မြင်ခဲ့သည့် Telecom International Myanmar Co.,Ltd တို့ ပူးပေါင်း၍ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ထီကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် Aung Bar Lay Application မှ တစ်ဆင့် ထီလက်မှတ် တစ်စောင်လျှင် ၁၀၀၀ ကျပ် နှုန်းဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့မှစတင်၍ ဝယ်ယူကံစမ်းနိုင်ပြီဖြစ်ပါသည်။

၂။ Android နှင့် iOS ဖုန်းများအတွက် Aung Bar Lay Application ကို **https://aungbarlay.ird.gov.mm/#/ Link** မှလည်းကောင်း၊ အောက်ပါ QR Code မှလည်းကောင်း **Download** ရယူနိုင်ပါသည်။ Android နှင့် iOS ဖုန်းများအတွက် Install ပြုလုပ်ပုံအဆင့်ဆင့်ကို **www.ird.gov.mm** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ Web View ကို အသုံးပြုရမည့် URL Link မှာ **https://aungbarlayonline.ird.gov.mm/** ဖြစ်ပါသည်။

၃။ Aung Bar Lay Application ၏ တံဆိပ်အမှတ်အသား (Logo) မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

AUNG BAR LAY
Online Lottery

၄။ အောင်ဘာလေထီလက်မှတ်များကို အွန်လိုင်းမှဝယ်ယူကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် Application မှတစ်ဆင့် မိမိတို့နှစ်သက်ရာ အက္ခရာနှင့်နံပါတ်အား ရွေးချယ်ဝယ်ယူခြင်း၊ စနစ်မှ အလိုအလျောက် ရွေးချယ်ပေးသော အက္ခရာနှင့် နံပါတ်အား ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထီလက်မှတ် ဝယ်ယူပြီးပါက ဝယ်ယူထားသည့် ထီလက်မှတ်များကို ဝယ်ယူသူ၏ Account တွင် ပြန်လည်ကြည့်ရှု စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

၅။ ဝယ်ယူကံစမ်းခဲ့သည့် အောင်ဘာလေအွန်လိုင်းထီလက်မှတ်များထဲမှ ကံထူးခဲ့ပါကလည်း ကံထူးရှင်၏ ဖုန်းနံပါတ်သို့ စာတို (SMS) ပေးပို့အကြောင်းကြားခြင်း၊ ကျပ် ၁၀သိန်းနှင့်အောက် ထီဆုငွေများဖြစ်ပါက Application မှတစ်ဆင့် ထီဆုငွေထုတ်ယူနိုင်ရန်အတွက် လျှို့ဝှက်ကုတ်နံပါတ် (Security Code) ပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ အောင်ဘာလေအွန်လိုင်းထီ ဆုငွေထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျပ် ၁၀ သိန်းနှင့်အောက် ထီဆုငွေများကို အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို Application မှ ဝယ်ယူကံစမ်းရာတွင် ပထမအဆင့်အနေဖြင့် KBZ Pay, AYA Pay,CB Pay, uab Pay နှင့် Mytel Pay များကို အသုံးပြုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၇။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အပြင် လက်ရှိကျင့်သုံးလျက်ရှိသော ထီလက်မှတ်များပုံနှိပ်ဖြန့်ဖြူးရောင်းချသည့် အောင်ဘာလေသိန်းဆုထီစနစ်ကိုလည်း ဆက်လက်ကျင့်သုံးမည်ဖြစ်ပါသည်။ အောင်ဘာလေအွန်လိုင်းထီအတွက် ထီဖွင့်ပွဲကို (၅၂) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ပူးတွဲကျင်းပသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက Aung Bar Lay Application ၏ စည်းကမ်းချက်များကဏ္ဍနှင့် အမေးအဖြေကဏ္ဍတို့တွင် ဝင်ရောက်လေ့လာနိုင်သည့်အပြင် Application အား အသုံးပြုရာတွင် အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ရပါက Mytel Hotline No 777၊ အခြား Operator Hotline No 09677000777 နှင့် E-mail လိပ်စာ **abl@support.com.mm** Application ၏ အထောက်အပံ့ကဏ္ဍတွင် ဖော်ပြထားသည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် (၁၃၁၆)၊ အကျယ်အဝန်း(၄၀' x ၆၀') ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်ခင်မာညို (၁၂/တကန (နိုင်) ၀၈၉၇၃၉) အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ၎င်းထံမှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၆၅/၂၀၂၂)အရ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်တင်တင်မော် (၁၂/မရက (နိုင်)၀၃၄၃၂၅)နှင့် ဒေါ်နီလာအေး (၁၂/ ပဇတ (နိုင်) ၀၀၁၂၉၃)တို့မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ၎င်းတို့ကိုယ်တိုင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမာ(LL.B )၊ အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)**
**အမှတ်(S–1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း –၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၆၁၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်အေးစန္ဒာသင်း (၁၂/မဘန (နိုင်) ၁၅၄၂၇၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးစန္ဒာသင်း (၁၂/မဘန (နိုင်) ၁၅၄၂၇၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅)

ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

---

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နိုင်ငံပိုင်အိမ်ရာ ထိန်းသိမ်းရေးဌာနခွဲမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် (၂၀၀) ဂါလန်ဆံ့(4'x2'x4')Fiber ရေတိုင်ကီ(၅၅၀) လုံးနှင့် (4'x4'x2')Fiber ရေတိုင်ကီ (၅၀)လုံး စုစုပေါင်း Fiber ရေတိုင်ကီ(၆၀၀) လုံးဝယ်ယူခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က)တင်ဒါပုံစံ ထုတ်ပေးမည့်ရက် –၁၄–၆–၂၀၂၃ရက်

(ခ)တင်ဒါပိတ်မည့်ရက် –၂၈–၆–၂၀၂၃ရက်၊ ၁၆:၀၀နာရီ

(ဂ) တင်ဒါပေးသွင်းရမည့်နေရာ –အင်ဂျင်နီယာဌာန(အဆောက်အအုံ)နိုင်ငံပိုင်အိမ်ရာ ထိန်းသိမ်းရေးဌာနခွဲ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်–

(ဂ) တင်ဒါပေးသွင်းရမည့်နေရာ – အင်ဂျင်နီယာဌာန(အဆောက်အအုံ) နိုင်ငံပိုင်အိမ်ရာ ထိန်းသိမ်းရေးဌာနခွဲ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ၀၆၇–၄၁၄၄၂၀

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ ကံသာကျေးရွာနေ ဦးသန်းအောင် ၏ သား ဦးခိုင်ငြိမ်း ၅/အရတ(နိုင်)၁၁၀၄၆၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ် M 968516 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၉၉၈၈၀၄၄၆**

---

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နယ်၊ ဝယာကျေးရွာနေ ဦးတင်အေး၏သား မောင်ဝင်းလှိုင် ၅/ခဉတ(နိုင်) ၀၇၇၉၂၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MA–373154 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၆၉၆၀၇၂၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9625, HONDA FIT GE6, HATCH BACK (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျန်းကျီးရှန်း(ခ)မခင်အေး ၁၃/လရန(နိုင်)၁၇၆၈၄၆ က(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၁၁၂–ခ)၊ ကုသိန္နာရုံအကွက်၊ ဦးပိုင်အမှတ် (၇–ဧ)၊ ဧရိယာ ၀.၀၃၆ဧကရှိ ဂရန်မြေကို ဦးကျော်ကျော်စိုး၊ ဒေါ်နီလာဝင်းတို့မှ မြေငှားဂရန်ဦးပိုင်ခွဲအမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပုသိမ်မြို့နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၆၆၈၁, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဝင်းမောင် ၉/ပမန(နိုင်)၂၂၇၁၁၀ က(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(နေပြည်တော်ရုံး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8837, Toyota Mark II, 3/L ယာဉ်လက်ဝယ်ရှိသူ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ငွေ ၁၂/မဘန(နိုင်)၀၀၆၁၃၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ နောင်ဖနန်အုပ်စု၊ နောင်ဖနန်ရွာနေ ဦးခင်မောင်ရှိန်–ဒေါ်စံရီ တို့၏ သမီး မရွှေဇင်ဦး ၅/ ကလဝ(နိုင်) ၀၅၄၅၃၉ သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ မရွှေဇင်ဦး အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။။

**ဦးခင်မောင်ရှိန်–ဒေါ်စံရီ**
**နောင်ဖနန်ရွာ၊ ကလေးဝမြို့**

---

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ငထွေရှူးလမ်း၊ အမှတ်(၇)နေ ဦးအောင်မျိုးခိုင်(ဘ) ဦးနေဇော်လတ် ၁၂/ကမရ(နိုင်)၀၅၃၄၄၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-006276) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၅၀၉၇၁၅၆**

---

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးရွှေ၏သမီး မအေးအေးမိုး ၈/ပဖန(နိုင်)၀၉၃၅၇၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 488917)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၁၆၂၅၆၁၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/8213 ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ဟရဲထန် ၄/ဟခန(နိုင်)၀၅၄၃၁၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး(ဟားခါး)**

---

## အမည်မှန်

ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ အထက(အေးချမ်းသာ)Grade–5 မှ ဦးဟန်ဆွေဦး ၆/ကသန(နိုင်)၀၄၅၁၇၁ ၏ သမီးဖြစ်သူ အမည်မှန်မှာ မဝီဇင်ဖြူ ဖြစ်ပါကြောင်း။

**မဝီဇင်ဖြူ**

---

## ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နေ (ဘ)ဦးအုန်းဝင်း၏သား ကျွန်တော် မောင်နေလင်းအောင် ၁၄/ကခန(နိုင်)၀၈၆၅၆၀၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(289101) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၉၇၄၅၀၀၅၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/88826 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းကျော် ၄/ပလဝ(နိုင်)၀၂၉၅၇၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ချင်းပြည်နယ်ရုံး(ဟားခါး)**

---

## အမည်ပြောင်း

ဦးခင်မောင်ကြိုင်၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျောင်းတိုက်ရွာအထက (ခွဲ) Grade–10မှ မမေဇင်သန့်အား မဆုမြတ်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုမြတ်သူအောင်**

---

## အမည်မှန်

ပင်းတယမြို့၊ အင်းငယ်ကျေးရွာအုပ်စု၊ ညောင်ပင်ဝိုင်းကျေးရွာနေ ဦးထွန်းအေး၏သမီး မနွယ်နီထွန်း ၁၃/ ပတယ (နိုင်) ၀၆၁၂၄၈ ၏ အမည်မှန်မှာ မတင်နွယ်အေးဖြစ်ပါကြောင်း။

**မတင်နွယ်အေး**

---

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သာဂရကျေးရွာနေ (ဘ) ဦးကျော်ဆန်း ၏ သားဖြစ်သူ ဦးညီညီအောင် ၈/ပဖန(နိုင်)၁၄၅၂၂၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 115439) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၂၅၅၃၅၇၆၇၁**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခင်မောင်ရင်၏သမီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ အထက(ဘန်းယဉ်)မှ ကျောင်းအုပ်ဆရာမကြီး ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်သင်းသင်း(ခ)ဒေါ်သင်းသင်းကြည် ၉/တသန(နိုင်)၀၈၃၈၆၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်စိုး ၈/ဆပဝ(နိုင်)၀၁၃၂၆၆နှင့် ဦးအောင်ငြိမ်း ၈/တတက(နိုင်) ၀၅၈၉၈၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်တို့၏မိတ်ဆွေများသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉/၄၈၊ လူနေရပ်ကွက်အမှတ်–၁၉၊ မြေကွက်အမှတ်–၅၉၃၊ အကျယ်ပေ (၄၀x၆၀)(တစ်နည်းအားဖြင့်) ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြနန္ဒာပတ်လမ်း၊ အမှတ် ၅၉၃ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်လာကြောင်း၊ ၎င်းသာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်ထွန်းနိုင် ၁၂/ရပသ(နိုင်)၁၁၁၆၉၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
**(စဉ်–၁၂၉၈၆/၂၀၁၇)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးရဲမြင့်အောင်(LL.B)**
**(စဉ်–၄၁၇၀၃/၂၀၁၃)**
**ဒေါ်တင်ဇာမျိုး (LL.B)**
**(စဉ်–၄၅၂၆၅/၂၀၁၄)**
**ဒေါ်လွဲ့လွဲ့ဝင်းထူး (LL.B)**
**(စဉ်–၄၉၉၀၄/၂၀၁၈)**
**(အထက်တန်းရှေ့နေများ)**

**အမှတ်–၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၀၀၈၀၅၁၂၊ ၀၉–၇၃၁၆၇၈၁၅**

## ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများမှ လေလံလျှောက်လွှာခေါ်ယူခြင်း

ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမ အသင်းစုများမှ အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) မြစ်ကြီးနားမြို့၊ ရှေ့ရပ်ကွက်၊ မြန်မာ့လေကြောင်းရုံးဘေး၊ ကွင်းအမှတ် (၆)၊ ဦးပိုင်အမှတ် (၃၈/၁)ရှိ မြေဧရိယာ ၀ဒသမ ၄၂ ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံများ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၉၂၂၈၃၁၁

(ခ) မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် ၇၄၊ ဦးပိုင်အမှတ်(၁၆၈/၃)ရှိ မြေဧရိယာ ၀ဒသမ ၂၃ ဧကနှင့် ၎င်းမြေပေါ် ရှိ အဆောက်အအုံများ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၉၂၂၈၃၁၁

(ဂ) မြစ်ကြီးနားမြို့၊ တာပဒေါင်းကျေးရွာအုပ်စု၊ ဟိုကပ်ကျေးရွာ၊ ယာမြေ ဧရိယာ ၁၂ ဧက
ဆက်သွယ်ရန် ဖုန်း- ၀၉-၂၆၄၅၉၄၂၂၉၊ ၀၉- ၄၉၂၂၈၃၁၁

(ဃ) ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ ကွင်းအမှတ်(၇)၊ မြို့မမြောက်၊ ဦးပိုင်အမှတ် (၅၅)ရှိမြေဧရိယာ ၀ဒသမ ၂၁၅ ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ
ဆက်သွယ်ရန် ဖုန်း-၀၉- ၂၆၃၂၅၆၀၃၈၊ ၀၉-၂၅၆၅၃၅၀၃၂

(င) ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၉)၊ မြို့ကုန်းရပ်၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ ၀ဒသမ ၁၀၇ ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ
ဆက်သွယ်ရန် ဖုန်း- ၀၉- ၄၀၀၄၂၀၂၉၅၊ ၀၉-၄၂၀၄၁၁၉၆၇

(စ) ရွှေကူမြို့၊ ဆိုင်းကုန်းရပ်ကွက်၊ သီရိလမ်းရှိ မြေဧရိယာ ၀ဒသမ ၀၄၆ ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ
ဆက်သွယ်ရန် ဖုန်း--၀၉၄၀၀၄၂၀၂၉၅၊ ၀၉-၄၂၀၄၁၁၉၆၇

(ဆ) ဖားကန့်မြို့၊ အကွက်အမှတ်(၃၃)၊ မရိုကထောင်ကွင်း၊ ဦးပိုင်အမှတ်(၃၁)၊ ဥယျာဉ်ခြံမြေ ဧရိယာ ၁၄.၆ ဧက
ဆက်သွယ်ရန် ဖုန်း-၀၉- ၄၄၃၄၆၃၆၄၃၊ ၀၉- ၆၈၈၁၀၉၆၉၁၁

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၆-၂၀၂၃ရက်မှ ၁၉-၆-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီထိ
**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၁၉-၆-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီအထိ
**လေလံတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၂၃ရက်၊ နံနက် ၀၉:၀၀
**လေလံလျှောက်လွှာများရောင်းချမည့်နေရာ** - သက်ဆိုင်ရာ မြို့နယ်များရှိ ရောင်းချမည့်နေရာ အသင်းရုံးများတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့၊ ကချင်ပြည်နယ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/5435 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ အထက(ခွဲ)ပိန်းတောGrade-10 မှ မောင်ရဲထက်အောင်၏မိခင် မအေးအေးမော်၏ အမည်မှန်မှာ မအေးအေးမွန် ၆/သရခ(နိုင်)၀၄၃၉၁၇ ဖြစ်ပါကြောင်း။

**မအေးအေးမွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအနောက် ရပ်ကွက်၊ သာခုလမ်း၊ အမှတ် (၁၇)၊ (၂)ခန်းတွဲ RC(၈) ထပ်တိုက်၏ (ဆဌမထပ်)၊ (၇-လွှာ) ၊တိုက်ကိုမျက်နှာမူလျှင်(လက်ဝဲဘက်အခန်း)၊ ဧရိယာ (၁၀၈၈) စတုရန်း ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်စိုးစိုးမာ ၁၂/ကမတ(နိုင်)၀၀၄၂၉၃၊ ဦးသိန်းနိုင် ၁၂/ကမတ(နိုင်)၀၀၄၅၆၂၊ ဦးမောင်မောင်လွင် ၁၂/ကမရ(နိုင်)၀၀၂၆၅၂၊ ဦးနိုင်ထွန်း ၁၂/ကမရ(နိုင်)၀၀၂၆၅၀၊ ဦးသီဟ (၁၂/ကမရ(နိုင်)၀၀၂၆၅၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သဇင်စိုး ၁၂/ကမတ(နိုင်)၀၈၁၉၀၆၊ ဒေါ်မေခဝတီ ၁၂/ကမတ(နိုင်)၀၇၆၁၁၅ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဇင်စိုး၊ ဒေါ်မေခဝတီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ-(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## သင်တန်းကျောင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်ရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ သင်တန်းကျောင်းမှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါအမှတ်စဉ် | လုပ်ငန်းအမည် |
|---|---|
| ITCS – ၃၆/၂၀၂၃ | e-Learning Management System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း (Turnkey) (1 Lot) |
| ITCS – ၃၇/၂၀၂၃ | Backup Storage System ဆောင်ရွက်ခြင်းလုပ်ငန်း (Turnkey) (1 Lot) |

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** – ၁၃. ၆ .၂၀၂၃ ရက်မှ ၂၇ .၆ .၂၀၂၃ ရက်အထိ

၃။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** – တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ (စီမံ/ ဘဏ္ဍာ/ထောက်ပံ့)ဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်

၄။ တင်ဒါတင်သွင်းရမည့်နေရာ – တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊(စီမံ/ဘဏ္ဍာ/ထောက်ပံ့)ဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်

၅။ တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် – ၂၇. ၆ .၂၀၂၃ (အင်္ဂါနေ့)၊ (၁၃:၀၀) နာရီအထိ

၆။ တင်ဒါပုံစံ တစ်စုံကျသင့်ငွေ – ၁၀,၀၀၀ိ/– ကျပ်

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၀၇၇၅၃ နှင့် သင်တန်းကျောင်း၊ ၀၆၇- ၃၄၀၇၁၀၆တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ(ဆက်သွယ်ရေး)**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/5850 SUZUKI Chevrolet H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွှန့်ဝင်း ၁၂/လမတ(နိုင်)၀၂၄၁၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/20293 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၇၅၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမျိုးမျိုးလတ် အမည်ပေါက် မြေကွက်အား ဒေါ်ဝင်းနန်းဆွေ ၁၂/ကမရ(နိုင်)၀၄၈၅၃၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ် အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၄၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးစိန်ဝင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဟန်ကိုဝင်း (ဘ) ဦးတင်ဝင်း ၅/မမတ(နိုင်)၀၆၄၉၈၅ မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၁၈/၂၀၁၉) ၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်း မူရင်းများတင်ပြပြီး ဒေါ်ဒေါ်ရသီဝုန်နိုး (ဘ) ဦးကျင်ငမ် ၁၃/လရန(နိုင်)၀၀၉၈၂၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/8845 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ ချောင်းဦးမြောက်ရပ်ကွက်၊ ကူကောင်းရပ်နေ မစမ်းအေး(ခ)မစန်းအေး ၅/ခဥတ(နိုင်) ၀၀၉၇၉၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစမ်းအေး(ခ)မစန်းအေး**

## အမည်ပြောင်း

ဦးသက်နိုင်စိုး၈/မလန (နိုင်)၀၅၆၅၉၈ ၏သမီး မင်းဘူး(စကု)မြို့နယ်၊ အထက(ခွဲ)၊ အိမ်ရာကျောင်း၊ Grade-4 မှ မပြည့်သက်ထားဦးအား မဖြိုးသော်တာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြိုးသော်တာ**

## ဖခင်အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ အလက(မန်ကျိုး)၊ Grade-6မှ မချစ်စနိုးဝေ၏ ဖခင် ဦးအောင်အောင်၏ အမည်မှန်မှာ ဦးဝင်းအောင် ၈/မဘန(နိုင်) ၀၈၄၈၆၂ ဖြစ်ပါကြောင်း။

**ဦးဝင်းအောင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ အထက(ကျောက်စံ)၊ Grade-12မှ မောင်အောင်ဖြိုးသူနှင့် အလက(မန်ကျိုး) Grade-8မှ မောင်ဘုန်းပြည့်စုံတို့၏ဖခင် ဦးနေမျိုးဝင်း၏ အမည်မှန်မှာ ဦးလှမျိုးဝေ ၈/မဘန(နိုင်)၁၀၀၁၆၇ ဖြစ်ပါကြောင်း။

**ဦးလှမျိုးဝေ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၆၀၂)၊ ဧရိယာ ၀ ဒသမ ၀၈၉ ဧကရှိ ဒေါ်ကျင်းလန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မဉ္ဇူဝင်း (ဘ) ဦးစန်းမြင့်ဦး ၁၂/ဥကတ(နိုင်)၁၅၇၅၁၆ မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၆၉/၂၀၁၈) နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးစန်းမောင်ဦး (ဘ) ဦးသိန်းလွင် ၁၂/ဥကတ (နိုင်)၁၃၆၃၅၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ် (A – ၂၁၄) အကျယ်အဝန်း ပေ(၁၀၀x၁၀၀)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်မီမီခိုင် (ဘ) ဦးဘိုသန်း ၉/မရတ (နိုင်) ၀၆၅၆၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိဖြိုး (ဘ) ဦးတင်စိန် ၁၀/မလမ(နိုင်)၁၉၈၅၄၄ က ၂-၆-၂၀၂၃ ရက်တွင် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တဒေသအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးချစ်ဖြူ (LL. B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉)**
**အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက် ၊ ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း – ၀၉-၇၉၉၁၂၃၁၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြသီတာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်) မြေကွက်အမှတ် (ဇ-၂၃၆၇) အကျယ်အဝန်း ပေ(၁၅၀x၉၀) ဧရိယာ ၀ ဒသမ ၃၀၉ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးကျော်ဇင်လတ် (ဘ) ဦးထိန်ဝင်း ၁၂/ကမရ(နိုင်)၀၄၇၈၁၀ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်နှင့် ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲစာရရှိကာ လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်နော်မူးရာစေး (ဘ) ဦးကျော်စေး ၉/ပမန(နိုင်)၁၄၃၃၁၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးသူရ (ဘ) ဦးညီညီရှိန် ၁၂/ကတတ(နိုင်)၀၁၂၅၇၃ က ၃၀-၅-၂၀၂၃ ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးချစ်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉)**
**အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း – ၀၉-၇၉၉၁၂၃၁၀၀**

star butterfly

**S W RUBBER (M) SDN BHD**
(Co. Reg. No 241935-W)

Star Butterfly General Services Co., Ltd မှတဆင့် မလေးရှားနိုင်ငံ Kulai, Johor ဧရိယာရှိ S W RUBBER (M) SDN.BHDတွင်အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာအလုပ်သမားများ အမြန်အလိုရှိသည်။ ဝန်ဆောင်ခ ကုန်ကျမှုမရှိပါ။

S W RUBBER (M) SDN.BHD သည်RBA စနစ်ကျင့်သုံးသောကုမ္ပဏီဖြစ်ပြီး ကုန်ကျစရိတ်သုည (Zero Cost) စနစ်ဖြင့် စက်ရုံမှစိုက်ထုတ်ခေါ်ယူမည်။အလုပ်သမားလစာမှ ပြန်မဖြတ်ပါ။ #ဦးရာလူစနစ်သာ#

| | |
|---|---|
| စက်ရုံအမည် | – S W RUBBER (M) SDN.BHD |
| Location(နေရာ) | – Senai, Kulai ဧရိယာ Johorမြို့နယ်၊ မလေးရှား၊ |
| လုပ်ငန်းအမျိုးအစား | – ရာဘာပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်း |
| ခေါ်ဆိုမည့်လူဦးရေ | – ၂၁ ဦး (ကျား ၂၀ဦး နှင့် မ ၁ ဦး) |

လိုအပ်အရည်အချင်း-

- အသက် ၁၈-၄၄နှစ်(မလေးရှားနိုင်ငံလေဘာဥပဒေအရ)
- သက်တမ်း(၃)နှစ်အထက်ရှိသော နိုင်ငံကူးလက်မှတ်ရှိရမည်
- ပညာအရည်အချင်း-Englishရေးတတ်/ဖတ်တတ်နှင့်အခြေခံသင်္ချာအတွက်အချက်တတ်ရမည်။
- Covid ရောဂါကာကွယ်ဆေးအကြိမ်ရေပြည့်ထိုးပြီးဖြစ်ရမည်။

Star Butterfly General Services Co., Ltd, နယ်ကိုယ်စားလှယ်၊ ပွဲစားနှင့် ကြားလူအပါအဝင် အခြားတစ်စုံတစ်ယောက်ကိုမျှ ငွေကြေးဝန်ဆောင်ခတပြားတချပ်မှ ပေးရန်မလိုပါ။

စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာသို့ တိုက်ရိုက်လျှောက်ထားပါ။

**Star Butterfly General Services Co., Ltd**

**တိုက် B ၊ အခန်း 508၊ ၅လွှာ၊ ပုလဲကွန်ဒိုမီနီယမ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း-၀၉-၄၀၀၀၉၉၄၁၀၊ ၀၉-၄၀၀၀၉၉၄၂၀၊ ၀၉-၄၃၁၂၇၅၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်၊ ပမ္မတီး ရပ်ကွက်၊ ကွင်း/အကွက်အမှတ် – ၇၀ (ပမ္မတီးရွာအနောက်)၊ ဦးပိုင်အမှတ် ၁၁၊ ဧရိယာ ၁ ဒသမ ၁၇ ဧက ရှိ မြို့မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးလမုံဂမ် (ခ)ဦးလမုန်ဂမ် ၁/မကန(နိုင်)၀၈၈၀၇၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပြီး၊ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုလည်း စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်မည့် အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်စိုးသွယ်** | **ဒေါ်စိုးစန္ဒာနှင်း** |
| **LL.B, DCBL (ABE Endorsed UK)** | **LL.B, D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၇၂၂၅) (၄-၁၀-၂၀၂၁)** | **(စဉ်-၉၂၉၁) (၂၄-၁၀-၂၀၁၃)** |

**အမှတ် – ၂၂ ၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း – ၀၉-၄၅၇၁၈၆၈၁၈၊ ၀၉-၄၅၇၁၈၆၄၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၇၅၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ တပ်ကြပ်ကြီးစိုးသိန်း အမည်ပေါက် မြေကွက်အား ဒေါ်ဝင်းနန်းဆွေ၊ ၁၂/ကမရ(နိုင်)၀၄၈၅၃၆ မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ) နှင့် (၅၁၉-က) လှည်းကူးမြို့နယ်၊ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၇၈)၊ကထော်လီအနောက်အုပ်စု၊ ကွင်းအမှတ်(၉၇၇) ဇုန်(၃)၊ C-6 လမ်း၊ အကွက်အမှတ် (A1၊ B1၊ F1) ၊ ဧရိယာ ၁၅ ဒသမ ၀၀ ဧကသည် ကျွန်မ ဒေါ်ခင်ရီ ၁၃/နခန (ဧည့်)၀၀၀၀၂၊ ဗဟန်းမြို့နယ်နေထိုင်သူမှ ၂၀၀၂ ခုနှစ်စတင်၍ ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့အချိန်ထိ နိုင်ငံတော်မှ ချမှတ်သည့် မူဝါဒအတိုင်း စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်မ ဒေါ်ခင်ရီ ပိုင်ဆိုင်သော ထိုကတ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း သက်ဆိုင်ဌာနများသို့ အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။ သို့ပါသောကြောင့် လုပ်ပိုင်ခွင့်ကတ်အသစ် ပြန်လည်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်မ ဒေါ်ခင်ရီထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ရီ**
**ဗဟန်းမြို့နယ်၊ ရန်ကုန်၊**
**ဖုန်း-၀၉-၄၄၄၀၁၂၅၆၄၊ ၀၉-၂၅၀၀၃၃၆၃၉**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကင်းသာအုပ်စု၊ ကင်းသာကျေးရွာမှ မောင်မင်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက၊ ကက်သာ၊ G-10 မှ မတွယ်တာမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ဦး ၉/ပဥလ(နိုင်)၀၁၉၂၈၆ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်ဦး**

## အမည်ပြောင်း

ဦးဝင်းနိုင် ၉/ခမစ (နိုင်)၀၁၁၄၉၁ ၏သမီး အင်းစိန်မြို့နယ်၊ MPPS (ရန်ကုန်)ကျောင်း Grade-2မှ မသွန်းပြည့်ပြည့်ဖြူအား မရှင်းသန့်ရတီဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မရှင်းသန့်ရတီ**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ ဝွေးတောက်ကုန်းကျေးရွာနေ (ဘ) ဦးကျော်ဌေး ၅/ဟမလ(နိုင်)၀၈၇၅၆၅ ၏သား မောင်လမင်းဖြိုး၏ အမည်မှန်မှာ မောင်လှမင်းဖြိုး ၅/ဟမလ(နိုင်) ၁၆၂၃၈ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၂၀၀၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/6236 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၉/တကန(နိုင်)၁၂၀၉၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ကျန်းမာရေးဝန်ကြီးဌာန၊မြဝတီခရိုင်ကုသရေးဦးစီးဌာန မြဝတီခရိုင် ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်၊ မြဝတီခရိုင်ကုသရေးဦးစီးဌာနအောက်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူသည့် လူနာများဆေးကုသပေးရန်အတွက် (FDA အသိအမှတ်ပြု) ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၁၂-၆-၂၀၂၃ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၂၆-၆-၂၀၂၃ ရက်(တနင်္လာနေ့) ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ် သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း မြဝတီခရိုင် ကုသရေးဦးစီးဌာန ဖုန်း-(၀၉-၂၅၀-၁၇၆-၀၉၀)/(၀၉-၇၆၁-၈၉၀-၉၂၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်ကြီးကြပ်ကော်မတီ**
**ခရိုင်ကုသရေးဦးစီးဌာန**
**မြဝတီခရိုင်၊ မြဝတီမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၃၂)၊ (၆)လွှာတိုက်ကိုမျက်နှာမူလျှင် ယာဘက်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိဖြူအောင် ၇/သကန(နိုင်)၀၈၁၅၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းဝင်းဟန် ၁၂/တမန(နိုင်)၀၁၄၄၀၀ က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
ဖုန်း-၀၉-၄၂၃၇၂၅၅၂၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4254 Toyota Hilux Surf KZN 185 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၁၂/ဒဂဆ(နိုင်)၀၁၂၉၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4444 Toyota Landcruiser UZJ 200 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး (ခ)နေထွန်းဦး ၉/မရတ(နိုင်)၀၀၃၀၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အမှတ်(၆၉၀)၊ အနော်မာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်၍ ၇-၄-၂၀၂၃ ရက်တွင် မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက်နယ်မြေ(၂)တွင် ကွယ်လွန်သွားသူ ဒေါ်ခင်သိန်း (၁၂/လသန(နိုင်)၀၁၂၀၉၇) အပျိုကြီး၏ အမွေဆက်ခံခွင့်ရှိသူ ကိတ္တိမမွေးစားသမီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၉)၊ ကွက်သစ်အမှတ် (ခ-၂၂၁)တွင် နေထိုင်သူ ဒေါ်ဇူဇန်လင်း (၉/မခန(နိုင်)၂၅၃၃၅၇)သည်မြင်းခြံမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ (၁၇-၆-၂၀၂၁) ရက်စွဲပါ ကိတ္တိမသမီး မွေးစားခြင်း မှတ်ပုံတင်စာချုပ်အမှတ်-၂၁/၂၀၂၁ဖြင့် ဒေါ်ခင်သိန်းက ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင်ဥပဒေနှင့်အညီ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်း ခံရသူဖြစ်ပါသည်။

၂။ သို့ပါ၍ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဇူဇန်လင်းသည် ကွယ်လွန်သူ အပျိုကြီး ဒေါ်ခင်သိန်း၏ တစ်ဦးတည်းသော တရားဝင်ကိတ္တိမမွေးစားသမီးဖြစ်၍ ကွယ်လွန်သူ ဒေါ်ခင်သိန်း ကျန်ရစ်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ကွယ်လွန်သူ ဒေါ်ခင်သိန်း၏ ပစ္စည်းများကို တရားမဝင်လက်ခံရယူသိမ်းဆည်းထားသူများသည် ၃၀-၆-၂၀၂၃ ရက်နောက်ဆုံးထား၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇူဇန်လင်းထံသို့ စာရင်းဇယားနှင့်တကွ လက်ရောက်အပ်နှံပေးကြပါရန် မြင်းခြံမြို့နေ ဒေါ်ဝေဝေ၊ ဒေါ်အေးစန်းမိုး (ခ)နှင်းနှင်း၊ ဒေါ်ဝင်းဝင်းရီနှင့် မလှိုင်မြို့နေ ဒေါ်ရွှေဝါနုဇော် အပါအဝင် သက်ဆိုင်သူ အများသိစေရန် ကျွန်ုပ်မှတစ်ဆင့် မေတ္တာရပ်ခံအသိပေးတောင်းဆိုလိုက်ပါသည်။ ၃၀-၆-၂၀၂၃ ရက်ကျော်လွန်ပါက လူမှုရေးအရ ညှိနှိုင်းတော့မည်မဟုတ်ဘဲ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ကွယ်လွန်သူ ဒေါ်ခင်သိန်း၏ဆွေမျိုးများနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၁၈)**
**အမှတ်-၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၅၁၂၃၈၇၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/68522 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/3702 Aung Myin Thu L/T p/u(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလင်းအောင် ၉/မနတ (နိုင်)၀၉၉၁၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/39046 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/78955 Johson Click 125 ယာဉ်လက်ဝယ်ရှိသူ Nann Shweli Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်(၃/ချောင်းရိုးရပ်)၊ ဦးပိုင်အမှတ်(၁၀-က)၊ မြေဧရိယာ ၀ ဒသမ ၃၀၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း) လျှောက်ထားနိုင်ရေး ဦးအမ်စိန်ဝင်း(ခ)ဦးကိုကို ၉/မရမ(နိုင်)၀၄၆၅၃၉ မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၁၀-ခ)၊ မြေဧရိယာ ၀ ဒသမ ၂၃၁ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်လှလှခိုင် ၉/အမဇ(နိုင်)၀၁၆၅၈၇ မှလည်းကောင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကိတ္တိမသမီးအဖြစ်မွေးစားခြင်းအား ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်သည်လမ်းရှိ အိမ်အမှတ် (၃၉)နေ ကျွန်မ ဒေါ်အေးအေးမြင့်၊ အသက်(၇၆)နှစ်၊ (ဘ)ဦးကျော်ဒင် ၁၄/ပသန(နိုင်)၀၅၅၉၆၁ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်အေးအေးမြင့်သည် တူမအရင်းဖြစ်သူ ဒေါ်သီတာဝင်း (ဘ)ဦးစိုးဝင်း၊ (အမိ)ဒေါ်ယဉ်ကြူ ၁၄/ပသန(နိုင်)၁၇၇၈၂၆ အား ကျွန်မ၏ ရင်၌ဖြစ်သော သမီးရင်းကဲ့သို့ အမွေစားအမွေခံထိုက်စေသော စာချုပ်စာတမ်းဖြင့် တရားဝင်ကိတ္တိမသမီးအဖြစ် အပြီးအပိုင် မွေးစားပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်**
**၁၄/ပသန(နိုင်)၀၅၅၉၆၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-H)၊မြေကွက်အမှတ်(၁၈၂-အေ)၊ မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေအိမ်အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးညွန့်သိန်း အမည်ဖြင့်တည်ရှိပြီး ၎င်းထံယခုရောင်းချသူ ဒေါ်တင်ဝင်း ၇/သနပ(နိုင်)၀၀၅၂၅၃ က လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ယခု ကြေညာပါပြီးသည့် ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင်(လိုင်စဉ်-၂၃၃၈၀) အထက်တန်းရှေ့နေ**
**အမှတ်(၃၉)(၃၅)လမ်း၊ ကျောက်တံတားမြို့နယ် ၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀-၄၉၃၇၆ ၊ ၀၉-၅၁-၄၉၇၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄-စီ(S-၉၀)၊ မြေကွက်အမှတ်- ၂၁၀၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧက၊ မြေကွက်တည်နေရာ၊ အမှတ်-၆၃၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ (မောင်တင်မြင့်၊ မောင်ဝင်းမြင့်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အား အမည်ပေါက်(၂)ဦးအနက် ဖခင်ဖြစ်သူဦးတင်မြင့် နှင့် မိခင်ဖြစ်သူ ဒေါ်ငွေတို့ အသီးသီး ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးညီဇေယျာတင် ၁၂/တမန(နိုင်)၁၀၁၆၅၁၊ ဒေါ်မေသူဇာတင် ၁၂/တမန(နိုင်) ၁၀၁၆၅၇တို့ (၂)ဦးအနက် ဒေါ်မေသူဇာတင်မှ(ကိုယ်တိုင်)နှင့် ဦးညီဇေယျာတင်ထံမှ GPအမှတ်-၃၀၉၄/၂၀၂၃(၁၆-၂-၂၀၂၃)ရသူ ဒေါ်မေသူဇာတင်မှ ကျန်အမည်ပေါက်တစ်ဦး ဦးဝင်းမြင့် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ ၁၂/ဗဟန(နိုင်) ၀၄၄၁၀၇နှင့်ပူးတွဲ၍ ကွယ်လွန်သူ ဦးတင်မြင့်နှင့် ဒေါ်ငွေ တို့တွင် သားသမီး(၂)ဦးမွေးဖွားထွန်ကားခဲ့ပြီး၊ အဆိုပါ သားသမီး(၂)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ကိတ္တိမသား/သမီးအဖြစ်သော်လည်းကောင်း၊ မွေးစားခဲ့ခြင်း မရှိသကဲ့သို့ အခြားသော အမွေဆိုင်တစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် ဒေါ်မြင့်မြင့်ဆွေသည် ကွယ်လွန်သူ ဦးဝင်းမြင့်၏ တရားဝင်ဇနီးဖြစ်ပြီး၊ အခြား ဇနီးမယားတစ်ဦးတစ်ယောက်မျှ လုံးဝမရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း (၁-၃-၂၀၂၃)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP မူရင်း၊ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် GP ပြန်လည်မရုတ်သိမ်းသေးကြောင်း ၁-၃-၂၀၂၃ ရက်စွဲပါကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်၃၉၉၊ (၂)ထပ်တိုက်နှင့်ပတ်သက်၍အများသိစေရန် ကြော်ငြာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်-၃၉၉၊ (၂)ထပ်တိုက်သည် ကွယ်လွန်သူ ဖခင်ဦးကျင်စုနှင့် ဒေါ်မြစိန်တို့၏ ကျန်ရစ်သောအမွေဆိုင်ပစ္စည်းဖြစ်ပြီး၊ သားသမီးအားလုံးနှင့်သက်ဆိုင်သော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ဦးကျင်စု၊ ဒေါ်မြစိန်တို့၏ ကျန်ရစ်သော အမွေပစ္စည်းများနှင့် ပတ်သက်၍ မော်လမြိုင်ခရိုင်တရားရုံးတွင် ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၁၂၅၊ အမှုဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို တရားလိုဒေါ်စုစုရီမှ တရားပြိုင်အဖြစ် ကျန်မောင်နှမများ(၉)ယောက်၊ ဒေါ်စုစုတီပါ(၉)ဦးအပေါ် တရားစွဲဆိုခဲ့ရာ၊ ယခုအခါ ကော်မရှင်နာခန့်အပ်၍ အမွေပုံပစ္စည်းစာရင်းကောက်ယူသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ဖြစ်ရာတရားလို၏ အဆိုလွှာတွင် ဖော်ပြထားသော နောက်ဆက်တွဲ (က)စာရင်းပါ အမွေဆိုင်ပစ္စည်းများအားလုံးနှင့် အထက်ဖော်ပြပါ အိမ်နှင့် မြေပေါ်တွင် လက်ရှိနေထိုင် စီမံခန့်ခွဲနေသူများအနေဖြင့် ကျန်အမွေဆိုင်များ အကျိုးကိုဆန့်ကျင်၍ အဆိုပါအိမ်နှင့်မြေကို ကျန်အမွေဆိုင်များ သဘောတူ ခွင့်ပြုချက်မရှိဘဲ၊ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ငှားရမ်းခြင်း မပြုလုပ်ပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ပပနိုင်(LL.B)
စဉ်-၅၃၇၂၁(အထက်တန်းရှေ့နေ)
ဖုန်း-၀၉-၇၉၅၂၇၆၄၂၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ်(၁၀၃၄)ရှိ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဓမ္မဓါနလမ်း၊ မြေကွက်အမှတ်(၁၀၃၄)၊ အလျားပေ ၄၀xအနံပေ ၆၀၊ စတုရန်းပေ ၂၄၀၀ မြေကွက်အား ဦးအောင်မင်းဟိန်း ၁၂/ကမတ(နိုင်) ၀၅၇၅၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် အဆိုပါမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်အတူ သတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုယဉ်**
**(LL.B, D.B.L, D.M.L, D.I.L, D.A.Psy)**
**(စဉ် – ၁၁၀၁၄)**
**တိုက်(၅) အခန်း(၂)၊ မြနန္ဒာအိမ်ရာ(၂)လမ်း၊ မြနန္ဒာအိမ်ရာ၊ (၁၄) ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၀၆၁၄၂၆**

## အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂/နွယ်အေး)၊ မြေကွက်အမှတ် (၃၂၇)၊ အမှတ်(၃၂၇)တွင် (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အအုံ ဆောက်လုပ်ခွင့်အား မြေရှင်ဒေါ်ခင်ဆွေဝင်းနှင့် ဒေါ်စိန်ရှင်တို့၏ (GP)ရရှိသူ ဦးဇော်ဝင်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးမောင်မောင်ချစ် (LC-932)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးစိုးဇေယျာဦး (LS-1467)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၂၂-၁၁-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၅၂၂/၁၅၂၁/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးမောင်မောင်ချစ် (LC-932)အစား လိုင်စင်ရကန်ထရိုက်တာ ဦးလာလူး (LC-716)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်ဒေါ်ခင်ဆွေဝင်းနှင့် ဒေါ်စိန်ရှင်၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/9099 Toyota Landcruiser Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ခန့်ဇော် ၂/လကန(နိုင်) ၁၀၂၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6898 SUZUKI SWIFT ZC 725 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်လှ ၁၃/တခလ(နိုင်) ၀၀၀၄၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ရှမ်းရှေ့တန်ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 မှ စိုင်းဝမ်းရှုန်း၏ဖခင်အမည်မှန်မှာဦးငေါက်တောင်း ၁၃/တခလ(နိုင်)၁၃၁၃၄၇ ဖြစ်ပါကြောင်း။

**ဦးငေါက်တောင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၄)နယ်မြေ၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်ကွက်နေ ဦးမင်းဆွေ-ဒေါ်ဝင်းလှတို့၏သား ဦးစောမင်းကို ၉/ညဥန(နိုင်)၂၆၅၀၇၂ သည် မိဘတို့၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ လည်းကောင်း၊ အမွေခံသားအဖြစ်မှ လည်းကောင်း ရာသက်ပန် စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဆွေ**
**၉/ညဥန(နိုင်)၀၁၉၈၂၁**
**ဒေါ်ဝင်းလှ**
**၉/ညဥန(နိုင်)၀၁၀၇၁၁**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကြည်း-၁၁၂၃၃ ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း)
## သူရဲကောင်းမှတ်တမ်းဝင်
## DSA-9
## ဒုတိယဝန်ကြီး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ (ဦးခင်ကြီး-ဒေါ်လေးမေ) တို့၏သားကြီး၊ ဦးမောင်မောင်ဆန်း-(ဒေါ်ခင်ရီ)၊ ဦးမောင်ဘို-ဒေါ်ညွန့်ရီ၊ ဦးမောင်မောင်ချို-ဒေါ်ကေသီမြ၊ (ဦးမောင်မောင်တိုး)၊ (ဦးသိန်းဆွေ-ဒေါ်ခင်ညိုလေး)၊ ဦးမောင်မောင်လွင်-ဒေါ်ခင်မေအောင်၊ (ဦးမောင်မောင်သွင်)-ဒေါ်စမ်းစမ်းအေး၊ ဦးသန်းလွင်-ဒေါ်တင်တင်ထွေးတို့၏ အစ်ကိုကြီး၊ ဦးခင်မောင်ဝင်း-ဒေါ်နှင်းသီတာမောင်၊ ဦးထူးသက်ထွေး၊ ဦးစိုင်းအိုက်ပီး-ဒေါ်နှင်းသန္တာမောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်နော်ဘွေဖော ၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၆-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်ပြီး မွန်းလွဲ ၁၂:၃၀နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)
## ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)သည် ၁၂-၆-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော် အင်ဂျင်နီယာချုပ်(ငြိမ်း)**
**နှင့်**
**အင်ဂျင်နီယာစီမံခန့်ခွဲရေးသင်တန်း(၁၉၉၈-၂၀၀၀)**
**သင်တန်းသားများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်သန်း (ဟသ္တာတ)
## အသက်(၈၅)နှစ်
## ဟင်္သာတမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ
## (အမှုဆောင်အရာရှိ-ငြိမ်း) ဟင်္သာတ

ဟင်္သာတမြို့နယ် အမှတ်(၇၉၈) အင်္ဂဗိုလ်လမ်း၊ သီလကုန်းရပ်ကွက်နေ (ဒေါ်သိန်းမြင့်)၏ခင်ပွန်း (ကိုသန်းမြင့်အောင်)-မအေးအေးစိုး၊ ကိုကျော်အောင်ဌေး-မဒုမ္မာမြင့်၊ မမူမူသန်း (အထက-ပျဉ်ထောင်ကွင်း လပွတ္တာ)တို့၏ဖခင် မောင်ဟံဘုဏ်းသာ (အထက ၂ ဟင်္သာတ)၏ အဘိုးဖြစ်သူ (ဦးချစ်သန်း အမှုဆောင်အရာရှိ-ငြိမ်း)သည် ၁၀-၆-၂၀၂၃ ရက် (စနေနေ့) ညနေ (၄:၂၀) နာရီတွင် ၉၆ ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ (၁)နာရီတွင် မီးသင်္ဂြိုလ်စက်သို့ ပို့ဆောင်သင်္ဂြိုလ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်သန်း (ဟသ္တာတ)
## အသက်(၈၅)နှစ်

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ(ငြိမ်း) ဆယ်ထပ်ကြီးဘုရားဂေါပက နေ့စိုးဆောင်း သံဃာဒါနအဖွဲ့ချုပ်တို့၏ဥက္ကဋ္ဌဖြစ်သူ ဦးချစ်သန်း အသက်(၈၅)နှစ်သည် အမှတ်-၇၉၈၊ အင်္ဂဗိုလ်လမ်း သုံးပင်ကွင်းရပ်ကွက်နေအိမ်တွင် ၁၀-၆-၂၀၂၃ ရက် (စနေနေ့) ညနေ (၄:၂၀) နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ရပ်ဝေးရပ်နီးမိတ်ဆွေများ သိရှိနိုင်ရန် အကြောင်းကြားအပ်ပါသည်။

**အင်္ဂဗိုလ်လမ်း ဟင်္သာတမြို့လုံးဆိုင်ရာ သံဃာဒါနအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးမြသောင်း
## (ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)
## အသက် (၉၀)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် ၄၂(က)နေ ပါမောက္ခ(ငြိမ်း) ဒေါက်တာဦးမြသောင်း ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး အသက် (၉၀)နှစ်သည် ၉-၆-၂၀၂၃ရက် နံနက် ၄:၄၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဆီးနှင့် ကျောက်ကပ်ပညာရှင်များအဖွဲ့**
**(Myanmar Nephro-Urology Society)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြမြအေး
## အသက်(၈၀)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ကြည်၏ မိခင် ဒေါ်မြမြအေး သည် ၁၁-၆-၂၀၂၃ရက်(တနင်္ဂနွေနေ့)ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## ဒေါ်မြမြအေး
## အသက် (၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ ဟံသာဝတီဗီလာ၊ တိုက် A(1)၊ အခန်း (၃၀၄)နေ (ဦးအောင်ကြည်-ဒေါ်ထားတင်)တို့၏သမီး၊ (ဦးသစ်မောင်-ဒေါ်ဒေါ်တင့်)တို့၏သမီးချွေးမ၊ ဦးစောထွန်းကြည်-ဒေါ်စန္ဒာမိုး၊ ဦးထွန်းလင်းကြည်၊ ဒေါ်မော်မော်ကြည်၊ ဒေါ်ခိုင်ခိုင်ကြည်၊ (ဒေါက်တာသက်ထွန်းကြည်)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ (ဗိုလ်မှူးလွန်းကြည်)၏ဇနီးသည် ၁၁-၆-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းအေး
## လက်ထောက်မန်နေဂျာ(ငြိမ်း)
## လယ်/ဆည် ဝန်ကြီးဌာန
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥယျာဉ်လမ်း၊ ဆာဖိုးသာခြံ၊ အမှတ် (၂၅-ခ)နေ (ဦးမြဒင်-ဒေါ်လှတင်) တို့၏ သမီး၊ ဒေါ်မြခင်၏ ညီမ၊ ဦးလှဖေ-ဒေါ်ခင်အေး၊ ဦးဖြူညွန့်-ဒေါ်မာမာကြူတို့၏ အစ်မ၊ မောင်ဟိန်းအောင်ဖြိုး၏ ကျေးဇူးရှင်မွေးသမိခင်သည် ၉-၆-၂၀၂၃ ရက် (သောကြာနေ့)မွန်းလွဲ ၁၂:၃၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးမြသောင်း
## (ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)
## အသက် (၉၀)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် ၄၂(က)နေ ပါမောက္ခ(ငြိမ်း) ဒေါက်တာဦးမြသောင်း၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး အသက် (၉၀)နှစ်သည် ၉-၆-၂၀၂၃ရက် နံနက် ၄:၄၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုပညာရှင်များအဖွဲ့**
**(Myanmar Urology Society)**

---

## ယောနယ်အသင်း(ရန်ကုန်)
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီသိန်း(Nice GEM)
## ယောနယ်အသင်း ရာသက်ပန်အသင်းဝင်
## အသက်(၅၃)နှစ်

ဂန့်ဂေါမြို့နေ (ဦးလှထွား)-ဒေါ်ခင်သန်းဝင်းတို့၏ သမီး၊ ရန်ကုန်မြို့၊ ခြံအမှတ် ၁၁၊ မြစပါယ်ရိပ်သာလမ်း၊ (၉)ရပ်ကွက်၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်နေ ဦးလွင်အောင်အေး (BTC)၏ဇနီး မသိမ့်မွှေ့နှင်း၏ မိခင် သည် ၁၁-၆-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အင်းကြင်းမြောင်နယ်မြေ၊ စစ်မှုထမ်းဟောင်းရပ်ကွက်၊ ၃လမ်းရှိ ကွင်းအမှတ်(၄၀၄A)၊ အကွက် အမှတ် (၄၃)၊ (၃၀ပေ x၈၀ပေ)မြေကွက်အား မူလပိုင်ရှင် ဒုတပ်ကြပ်စိန်ဝင်းရွှေနှင့် ဦးမြစိန်တို့ထံမှ ကျွန်မ ဒေါ်စန်းသီတာ ၈/မတန(နိုင်)၀၄၁၁၈၇ က (၅-၈-၂၀၁၄)ရက်တွင် စာချုပ်စာတမ်းနှင့်တကွ ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တိတိဖြင့်ပေး ချေဝယ်ယူခဲ့ပြီး ယခုအခါ ၎င်းမြေကွက်အား ပြန်လည်ရောင်းချမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းသီတာ ၈/ မတန(နိုင်) ၀၄၁၁၈၇**
**ဖုန်း-၀၉- ၄၀၉၅၆၄၉၀၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ကသစ်ဝိုင်ကျောင်းလမ်း၊ မြေကွက်အမှတ် (ခ/၅၂၁)ဟုခေါ်တွင်သော အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၁၉)၊ ဧရိယာ ၀ဒသမ ၀၉၀ ဧက အကျယ်ရှိ ဦးလှကြွယ်(ဌာနေ) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးလှကြွယ်၏ အမွေဆက်ခံသူ သားသမီး ရင်းခြာများဖြစ်ကြသော ဒေါ်အိမင်းကြွယ်၊ ဦးရန်မျိုးအေး၊ ဦးရန်မျိုးအောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမာ (ဘ)ဦးအောင်သန်း ၁၂/လမန (နိုင်)၀၁၄၈၉၄ ကပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L) (စဉ်-၁၄၆၆၈)**
**ဒေါ်နှင်းနှင်းထွေး(LL.B)(စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)(စဉ်-၅၀၈၅၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာ (၄)လမ်း၊ အမှတ် (၇၃/စီ)တွင် တည်ဆောက် ထားသော Mya Kan Thar Condominium၊ Level-6၊ တိုက်ခန်းအမှတ် (၆၀၂)၊ တိုက်ခန်းဧရိယာ (၆၃၀)Sqft ရှိ တိုက်ခန်းကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်ထွေးအိအိလွင် ၁၂/ဥကတ(နိုင်)၁၂၉၃၅၈ထံမှ ခွင့်ပြုချက်ရသူ ဦးထွန်းရီ ၁၂/သလန(နိုင်)၀၆၃၉၉၀သို့ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါ၍ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၅၃၀)**
**အမှတ် (၁၅၁)၊ ဝေပုလ္လ (၄)လမ်း၊ (ဃ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၂၆၇၇၄၇၀**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးတွန့်ခန့်ကျင့်
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ အမှတ် ၂၉၊ အခန်း ၂၀၂နေ (ဦးလမ်းဇမ်းနှင့် ဒေါ်ဇိုခေါ်ကျိုန်)တို့၏ ဒုတိယသား၊ ဒေါ်လန့်ဒွန်ကျိုန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇမ်းရှင်းပုမ့်-ဒေါ်ဝုန်ငိုက် မန်၊ ဦးပေါင်ထောင့်ရှန်း-ဒေါ်ညောင်လမ်းထွန်းဝုန်၊ ဦးထန်တွာလ်ကိမ်း-ဒေါ်မီးလ်ရှာ၊ဒေါ်ကျိုန်ဒိမ်းညောင်-ဦးဇမ်းခင်းခိုင်၊ ဦးလန့်ခုပ်ခိုင်-ဒေါ်ညောင်ရှင်းဝုန်၊ မကျိုန်စန်းကိမ်တို့၏ ချစ်လှစွာသောဖခင်၊ (ဦးတွန့်ကပ်ထန်)-ဒေါ်ဒိမ့်ဒွန့်ကျိုန်တို့၏ညီ၊ (ဦးလန့်ဇကျင့်)-ဒေါ်ဖွန်ဆိုဖာ၊ (ဦးထန်ခေါ်မုန်)-ဒေါ်ညင်ငိုက်မန်၊ (ဒေါ်နိန်ခေါ်လ်ကျိုန်)-ဦးကျင့်ခေါ်မန်၊ ဒေါ်ဝုန်ငိုက်လျန်း-ဦးပုမ့်ဟင်းထန်၊ ဒေါ်ဇင့်ဇဒိမ်း၊ (မောင်ကျင်းဆွမ်းထန်)၊ဦးတွေ့ာင်ခန့်ခုပ်-ဒေါ်မန်းရှင်းဒိမ်း၊ ဒေါ်ကျိုန်ရှင်းဝုန်-ဦးကျင့်ရှင်းပေါင် တို့၏ အစ်ကို၊ မကျိုန်ဟောက်ဟွဲ၊ မောင်မုန်ခေါ်ထန်၊ မောင်ကျင်ရှင်းမွမ်၊ မကျိုန်ခေါ်မ်နွမ်၊ မောင်ကျင်ရှင်းလျန်၊ မောင်ကျင်ရှန်းကစ်၊ မောင်ကျင်ရှင်းစင်၊ မဒိမ်နွမ်ကိမ်၊ မောင်ကိမ်မွမ်လျန်တို့၏ အဘိုးသည် ၁၂-၆-၂၀၂၃ ရက် နံနက် ၃:၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၆-၂၀၂၃ရက်၊ နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစောတင်အောင်၏သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ အထက(ဘန်းယဉ်)မှ အထက်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးစိုင်းအောင်လင်း(ခ)ဦးအောင်လင်း ၁၃/ဆဆန(နိုင်)၀၀၁၅၆၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းမြိုင်၏ သမီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ အထက(ဘန်းယဉ်)မှ အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်အုံးရီ(ခ) ဒေါ်အုန်းရီ၁၃/ဆဆန(နိုင်)၀၀၂၀၁၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအုံးဖေ၏သမီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ အထက(ဘန်းယဉ်)မှ အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်နွယ်နွယ်ဝင်း(ခ)ဒေါ်နန်းနွယ်နွယ်ဝင်း ၁၃/ဆဆန(နိုင်)၀၄၄၈၅၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို...**

❖ **ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲကျင်းပမည်



ရပ်ရှင်အသင်းနှင့် ညွန့်ပေါင်းအသင်း ခြေစမ်းပွဲကစားစဉ်။

ရန်ကုန် ဇွန် ၁၂

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ ပြန်လည်ထူထောင်ရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီနိုင်ရန်အတွက် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ ပူးပေါင်း၍ ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ရန်ပုံငွေဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင်ဘောလုံးအသင်း၊ ဂီတဘောလုံးအသင်း၊ Forever FC ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်းတို့ ပါဝင်ကြမည်ဖြစ်သည်။ ပွဲစဉ်များအဖြစ် ဇွန် ၁၆ ရက် ညနေ ၃ နာရီတွင် ရုပ်ရှင်ဘောလုံးအသင်းနှင့် Forever FC ဘောလုံးအသင်း၊ ညနေ ၅ နာရီတွင် ညွန့်ပေါင်းဘောလုံးအသင်းနှင့် ဂီတဘောလုံးအသင်းတို့

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## အီတလီကို အနိုင်ယူပြီး ဥရုဂွေးအသင်း ယူ-၂၀ ကမ္ဘာ့ဖလား ပထမဆုံးအကြိမ် ဆွတ်ခူး



ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁၂ ရက် နံနက် ၃ နာရီခွဲက ဥရုဂွေးနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့်အတွက် ပွဲချိန် မိနစ် ၈၀ ကျော်သည်အထိ တစ်ဖက်နှင့်တစ်ဖက် သွင်းဂိုးရယူနိုင်ခြင်း မရှိပေ။ သို့သော်လည်း ဥရုဂွေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ရိုဒရီဂွက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖


ယနေ့ သတင်းအညွှန်း

**အကြမ်းဖက်သမားများကို ဌားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့် စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်**

ပြည်တွင်းသတင်း စာ ၁၃

**ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်တွင် မြန်မာနိုင်ငံသားများ လိုက်ပါလာသော မော်တော်ယာဉ် တိမ်းမှောက်ခဲ့မှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

ပြည်တွင်းသတင်း စာ ၁၄